Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0023
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်




# ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ပြည်ပခရီးစဉ်များမှ ပြန်လည်ရောက်ရှိ

နေပြည်တော်၊နိုဝင်ဘာ ၂၃

အာဆီယံ-ဟဲနန် စားရေရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲ (ASEAN-Henan Cooperation Conference on Food and Agriculture) သို့ တက်ရောက်ခဲ့သော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ နှင့် တတိယအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေး နှင့် တရုတ်မြန်မာ စိုက်ပျိုးရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံအစည်းအဝေးများသို့ တက်ရောက်ခဲ့သော ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့တို့သည် နိုဝင်ဘာ ၂၃ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ၂၀ မှ ၂၂ ရက်နေ့ အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟဲနန်ပြည်နယ်၊ ကျန်းကျိုးမြို့၌ ကျင်းပခဲ့သည့် အာဆီယံ-ဟဲနန် စားရေရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲ (ASEAN-Henan Cooperation Conference on Food and Agriculture) သို့တက်ရောက်ခဲ့ကြပြီး အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအကြား လယ်ယာကဏ္ဍဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းဆိုင်ရာများဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပိုးလမ်းမစီမံကိန်း အရကျင်းပသည့် အပြည်ပြည် ဆိုင်ရာ တတိယအကြိမ်မြောက် လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အလားတူ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာ၂၁ မှ ၂၂ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင်ကျင်းပသည့် တတိယအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စိုက်ပျိုးရေး ဝန်ကြီးများ အစည်းအဝေး နှင့် တရုတ်မြန်မာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံအစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်လန်ချန်းအထူးရန်ပုံငွေဖြင့် မြန်မာနိုင်ငံနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ မြန်မာနိုင်ငံမှ လယ်ယာ သားငါးထွက်ကုန်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

ရေချိုပုစွန်ထုပ်၏သဘာဝနှင့်အသုံးဝင်ပုံ..... စာ-၈
စိုက်ပျိုးမြေကို ဘယ်လိုအကျိုးရှိအောင် အသုံးချမလဲ စာ-၁၆

# ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ပျားမွေးမြူရေးတောင်သူများအား ပျားအိမ်များ ထောက်ပံ့ပေးအပ်

နေပြည်တော်၊ နိုဝင်ဘာ ၂၄

သဘာဝဘေး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ပျားမွေးမြူရေး တောင်သူများအတွက် ပျားအိမ်များ ပြန်လည်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား ကို နိုဝင်ဘာ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်း မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး နှင့် ဌာနတာဝန်ရှိသူ များ၊ မန္တလေးတိုင်းဒေသ ကြီး ခရိုင် မြို့နယ် တိရစ္ဆာန် ပြန်လည်ထောက်ပံ့ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပျားမွေးမြူရေး တောင်သူ များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီး ကအမှာစကားပြောကြားရာ၌ စက်တင်ဘာလ ဒုတိယပတ်တွင် ဖြစ်ပွားခဲ့သည့် ရေကြီး ရေလျှံမှုများကြောင့် လူ၊ နေအိမ် အဆောက် အဦများ၊ မွေးမြူရေးတိရစ္ဆာန်များ၊ အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အပေါ် နိုင်ငံတော်စိုးရ နှင့် အမျိုးသား သဘာဝ ဘေးဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီ တို့၏ လမ်းညွှန်ချက်များအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရန်ပုံငွေတင်ပြပြီး ဒေသအလိုက် မွေးမြူသူများ လက်ဝယ်အရောက် တိရစ္ဆာန်များကို ပြန်လည် ဖြည့်ဆည်းပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊

သဘာဝဘေး ရေကြီးနစ်မြုပ်မှုကြောင့် မွေးမြူရေးတိရစ္ဆာန်များ ထိခိုက်ပျက်စီး နစ်နာမှုအား ပြန်လည်ထူထောင်နိုင်ရေးနှင့် မွေးမြူရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှု ကျဆင်းခြင်းမှ ကာကွယ်နိုင်ရန် တိုင်း၊ခရိုင်၊ မြို့နယ်၊ကျေးရွာများ၌ တိရစ္ဆာန် ပြန်လည် ထောက်ပံ့ရေး လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တိရစ္ဆာန်များအား ဝယ်ယူဖြည့်တင်းခြင်း၊ ပေးအပ်ခြင်း လုပ်ငန်း များကိုဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးတွင် ခရိုင်၄ ခု ၊ မြို့နယ် ၇ မြို့နယ်တွင် ယနေ့အထိ ကျွဲ ၃ ကောင် နွား ၁၈၁ ကောင်၊ ဆိတ် ၄၅၅ ကောင်၊ ဒေသကြက် ၂၅ ကောင် နှင့် ဥစားကြက် ၂၃၅၀၀ ကောင်ပြန်လည်ဖြည့်ဆည်း ပေးပြီး ဖြစ်ကြောင်း၊ ယခုအခမ်းအနားတွင် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ် ရှိ တစ်ပိုင်တစ်နိုင် ပျားမွေးမြူရေးလုပ်ငန်းရှင် ၅ ဦး အတွက် ထိခိုက်ပျက်စီးဆုံးရှုံးသွားသည့် ပျားအိမ် ၂၉၅ ခုကို ဖြည့်ဆည်းပေးအပ်သွားမည်ဖြစ်ပြီး ပျားမွေးမြူသူများအနေဖြင့်လည်း မိမိတို့ ပျားမွေးမြူရေးလုပ်ငန်းများကို အရှိန်မပျက် ကြိုးပမ်းဆောင်ရွက်သွားကြရန် အားပေးပြောကြားသည်။

၎င်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မန္တလေးတိုင်းဒေသကြီး ခရိုင် ၄ ခုတွင် ပျက်စီးသွားသည့် တိရစ္ဆာန်များ ပြန်လည် ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပျားမွေးမြူရေး တောင်သူများ အား ပျားအိမ် ၂၉၅ ခုကို ပေးအပ်သည်။ ဆက်လက်၍ ပျားမွေးမြူရေး တောင်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်ရှိ မွေးမြူရေးသုတေသန ဦးစီးဌာန၊ မွေးမြူရေးသုတေသနစခန်း(ပျော်ဘွယ်) သို့ရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာ နှစ် အတွင်း တိရစ္ဆာန်မျိုးရိုးဗီဇနှင့်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရန်အတွက် မျိုးရင်းမျိုးစစ်များ ထိန်းသိမ်းခြင်း၊ မျိုးထိန်း မျိုးပွားခြင်း နှင့် မျိုးကောင်း မျိုးသန့် ထုတ်လုပ်ခြင်းတို့အတွက် သုတေသနပြုဆောင်ရွက်နေမှု၊ အစားအစာသိပ္ပံဆိုင်ရာ နည်းပညာ

စာ-၄ သို့

# ဝါးကတုတ်တမံပိတ်ဆောင်ရွက်ခြင်းနှင့် နွေစပါးစိုက်ပျိုးရေ ပေးဝေရန် တူးမြောင်းပြင်ဆင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော်၊နိုဝင်ဘာလ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၂ ရက်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ဝါးကတုတ်မြေ သားတမံပိတ်ဆောင်ရွက်ခြင်းနှင့် နွေစပါး စိုက်ပျိုးရေပေးဝေရန် တူးမြောင်းပြင်ဆင်ခြင်းလုပ်ငန်းအား ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ ဘုရားလေးကျေးရွာနှင့် ရွာသစ်ကျေးရွာများတွင်နွေစပါးစိုက်ပျိုး ရန် ရေပေးဝေမည့် ဝါးကတုတ်ချောင်းပိတ် မြေသားတမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကံဘဲ့တမံပိတ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ဝါးကတုတ်ချောင်းပိတ် မြေသားတမံ တည်ဆောက်ခြင်းကြောင့်နွေစပါးစိုက်ပျိုးရေပိုမိုရရှိမည်ဖြစ်ကြောင်း၊ နွေစပါး စိုက်ဧကများတိုးတက်၍ ပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေရရှိသည်နှင့် သက်တမ်းတို မျိုးကောင်း မျိုးသန့်စပါးမျိုးများ ရွေးချယ်စိုက်ပျိုးကြရန်လိုကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နွေစပါး ဧက ၃ သန်းကျော်အထိ တိုးချဲ့စိုက်ပျိုးရန် လျာထားပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် ယခုနှစ် နွေစပါး ၄၆၀၇၃၈ ဧက၊ ဆောင်းသီးနှံ ၃၁၀၆၇၆၅ ဧက၊ နွေနှမ်း ၁၀၀၀ စိုက်ပျိုးရန်လျာထားကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် တောင်သူများတင်ပြလာသည့် မျိုးစေ့လိုအပ်ချက်၊ထွန်ယက် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦး စီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့နှင့်ချိတ်ဆက်ပေးကြရန်လိုကြောင်း၊



၃ သီး စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဝါးကတုတ်မြေသားချောင်းပိတ်တမံသည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာအုပ်စုအတွင်း တည်ရှိပြီး ရန်ကုန်-မန္တလေး အမြန်လမ်း ၄၆ မိုင်၊ ၂ ဖာလုံတွင်ရှိသော ဝါးကတုတ်ရေလှောင်တမံမှ သိုလှောင်ရေကို ဝါးကတုတ်ချောင်းအတွင်းသို့ ထုတ်လွှတ်ပြီး၊ မြေသားတမံပိတ်ကာ ရေသွယ်ယူ၍ နွေစပါး ၁၅၅၂ စိုက်ပျိုးရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် နွေစပါး ၉၉၂ ဧက စိုက်ပျိုးခဲ့ပြီး၊ ၂၀၂၄ ခုနှစ်တွင် ၅၆၀ ဧက တိုးချဲ့ကာ၊ စုစုပေါင်း နွေစပါး ၁၅၅၂ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

စာ၄- သို့

# ဒီဇင်ဘာ လပတ် မိုးလေဝသအခြေအနေ

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားမိုးနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့်မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

ချင်းပြည်နယ်တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့ တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၅ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆ ရက်မှ ၁၅ ရက်ခန့်နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေမှ၃ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင်၄ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့ ၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည်သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင်၂ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း

**တာဝန်ခံအယ်ဒီတာ**
ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**
ဦးအောင်ဇံထွေး(မြဲ-ဝဝ၄၁ဝ)

**လိပ်စာ**
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# ဘိုစားပဲ အရောင်းအဝယ်ကောင်းသော်လည်း ယခင်နှစ်ဈေးနှုန်းထက် အနည်းငယ် ကျဆင်း

ယခုလတ်တလောတွင် ဘိုစားပဲဈေးနှုန်းများ အနည်းငယ် မြင့်တက်လာသည့်အပြင် ရောင်းအားလည်း တိုးလာကြောင်း အောင်ပန်းဟင်းသီးဟင်းရွက်ဈေးကွက်မှ သိရှိရသည်။ မှာယူမှုများ မြင့်တက်ခဲ့ပြီး အများစုမှာ ရန်ကုန်မှ မှာယူခြင်း ဖြစ်သည်။

“ဘိုစားပဲသည် အရောင်းရဆုံးသီးနှံများထဲတွင်ပါဝင်ကြောင်း၊ လတ်တလောတွင် ဘိုစားပဲ ဈေးနှုန်းများမှာ အခြားဟင်းသီးဟင်းရွက်များနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းသင့်တင့်သည့်အတွက် အရောင်းအဝယ်များ ပုံမှန်ကောင်းမွန်လည်ပတ်လျက် ရှိကြောင်း” အောင်ပန်းမြို့မှ “အေးမြတ်”ဟင်းသီးဟင်းရွက်လက်လီလက်ကား ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ်၊ ဇန်နဝါရီလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကစိုက်ပျိုးသည့် ဆောင်း သီးနှံတစ်ခုဖြစ်သည့် ဘိုစားပဲအထွက်နှုန်းသည် များပြားသော်လည်း ဘိုစားပဲဈေးနှုန်းမှာ ပြီးခဲ့သည့် နှစ်နှင့်နှိုင်းယှဉ်ပါက ထက်ဝက်နီးပါး ကျဆင်းသွားကြောင်း တောင်သူများထံမှ သိရှိရပါသည်။

ဘိုစားပဲများတွင် ကယ်လိုရီ ပါဝင်မှုနည်းပြီး ဗီတာမင် အေ၊ ဗီတာမင်ဘီ၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်နှင့် သတ္တုဓာတ်များစွာပါဝင်သဖြင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိကြောင်း သိရှိရသည်။

**နွေးနွေးအောင်**

https://www.gnlm.com.






# စိုက်ပျိုးရေးထွက်ကုန်အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေး ပိုးသတ်ဆေးဓာတ်ကြွင်းများစစ်ဆေးမှုဆိုင်ရာနည်းပညာသင်တန်းဖွင့်လှစ်

ရန်ကုန်၊ နိုဝင်ဘာ ၂၄

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ စီမံကိန်းများတွင်ပါဝင်သည့် "မြန်မာ့လယ်ယာ ထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး ၊ လန်ချန်း-မဲခေါင်နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး မြှင့်တင်ခြင်းစီမံကိန်း"အရ ဆောင်ရွက်သည့် "စိုက်ပျိုးရေးထွက်ကုန် အစားအစာများ ဘေးဥပဒ် ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးမှုဆိုင်ရာ နည်းပညာသင်တန်း" ဖွင့်ပွဲအခမ်းအနား ကို နိုဝင်ဘာ ၂၄ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ISO 9001 နှင့် 17025 လက်မှတ်ရ စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း (APAL) ၌ ကျင်းပပြုလုပ်ရာ အခမ်းအနား သို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း ၊ ဦးထွန်းအုံ ၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် သင်တန်းသား ၂၀ ဦးတို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမှာစကားပြောကြားရာတွင်မြန်မာ့ စိုက်ပျိုးရေးထွက်ကုန်များ ပြည်တွင်းရောင်းချမှုနှင့် ပြည်ပတင်ပို့မှုများတွင် အဓိကကြုံတွေ့ နေရသော ကြီးမားသော အခက်အခဲမှာ ပိုးသတ်ဆေးဓာတ်ကြွင်း သတ်မှတ် ပမာဏထက် ပါဝင်မှုများပြားနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ ပိုးသတ် ဆေးများကို လိုအပ်သည်ထက်များပြားစွာ အသုံးပြုနေကြပြီး အချို့သော အခြေအနေ များတွင် သီးနှံများ၌ ကျန်ရှိနေသည့် ပိုးသတ်ဆေးဓာတ်ကြွင်းများသည်စားသုံးသူများ အတွက် အန္တရာယ် ဖြစ်စေနိုင်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အစားအစာ ဘေးကင်း လုံခြုံရေးကို ထိခိုက်စေပြီး လူ့ကျန်းမာရေးနှင့် သဘာဝ ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သည့် အဆိုပါအခြေအနေများကိုတားဆီးကာကွယ်ရန်အတွက် စိုက်ပျိုး ထုတ်လုပ်သူ တောင်သူများကို ပိုးသတ်ဆေးအသုံးပြုမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆိုင်ရာအသိပညာပေးခြင်း၊ ပိုးသတ်ဆေး၏ အရည်အသွေးနှင့် ဓာတ်ကြွင်း ပါဝင်မှုကို ဆောင်ရွက်ရန် လိုအပ်သော စစ်ဆေးမှုလုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးအသုံးပြုမှုနှင့်ပတ်သက်၍ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ လိုက်နာ ဆောင်ရွက်နိုင်စေရန် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ FAO နှင့် WHO မှ မသုံးစွဲရန် ကြပ်မတ်ထားသော ဆေးများနှင့်ပတ်သက်၍ အသိပေးခြင်း၊ ပိုးသတ်ဆေးများ၏ အသုံးပြုမှုနှင့် သက်ဆိုင်သော သတိပေးချက်များကို ထုတ်လုပ်သူများမှ သတ်မှတ်ဖော်ပြ စေရေး ဆောင်ရွက်ပေးခြင်း ၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာအသုံးပြု၍ ပိုးသတ်ဆေးများ၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေရန် နည်းလမ်းအသစ်များ ဖန်တီးပေးခြင်း၊ သဘာဝနည်းလမ်းများဖြင့် ပိုးမွှားရောဂါများကို ကာကွယ်ရန် ကြိုးစားခြင်းများ ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သော အစားအသောက်များတွင် ဓာတ်ကြွင်းပါဝင်မှုကို စံချိန်စံညွှန်း

စာ-၅ သို့

စာ- ၂ (ရေကြီးနစ်မြုပ်)မှ

နှင့်အရည်အသွေးမြင့်မားသည့်ထုတ်ကုန်များဖွံ့ဖြိုးစေရန် အစာအာဟာရ ဖွံ့ဖြိုးရေးစီမခန့်ခွဲခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းတို့အတွက် သုတေသနပြု ဆောင် ရွက်နေမှု နှင့် ဒေသန္တရများ မျိုးမြှင့်တင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

Agribiz News www.agribiznews.com.mm

စာ- ၂ (ဝါးကတုတ်)မှ

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးမြစ်တာ (ပန်းလှိုင်၊ ပုဏ္ဏားစု၊ မုန်တိုင်) တာမိုင် (၀/၀မှ ၁/၄)အတွင်း တာမြှင့်တင်၍ အခိုင်အမာ ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ပဲခူးမြစ်တာ တာမိုင်(၁/၄ မှ ၂/၀)အတွင်း တာအမြင့်မြှင့်တင်၍ အခိုင်အမာပြုပြင်ခြင်း၊ ဂဝံခင်းခြင်း လုပ်ငန်း၊ ပဲခူးမြစ်တာ တာမိုင်(၃/၅ မှ ၄/၀)အတွင်း တာမြှင့်တင်၍ တာပုံစံကျပြုပြင်ခြင်းလုပ်ငန်း၊ ပဲခူးမြစ်တာ(တာမိုင် ၁/၂ မုန်တိုင်)၊ (၂/၀ မုန်တိုင်)၊ (၂/၂ မြို့ကလေး)၊ (၃/၅ ပုဂံစု) ရေကျော်၍ ပျက်စီးမှုများအား ပြုပြင်ခြင်းလုပ်ငန်း၊ ကျောက်ကြီးစုတာအား တာမြှင့်တင်၍ အခိုင်အမာပြုပြင်ခြင်း ဂဝံခင်းခြင်းလုပ်ငန်း၊ ဩောင်ဝိုင်း (၁၉) လမ်းတာနှင့် ကြခတ်ဝိုင်းတာ ပြင်ဆင်ခြင်း၊ တာမြှင့်တင်ခြင်း၊ မူလရှိသည့် ဂဝံများကို စုစောင်း၍ ပြန်ခင်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အရည်အသွေး ပြည့်မီစွာဆောင်ရွက်၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ရေဘေးကာကွယ်ရေးတာများနှင့်ပတ်သက်၍ အခိုင်အမာပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အခိုင်အမာဆောင်ရွက်နိုင်မှုမရှိသောရေဘေးကာကွယ်ရေးတာများကိုလည်း လာမည့်နှစ်မိုးရာသီကာလတွင် ရေကြီးနစ်မြုပ်မှုအန္တရာယ် ကြိုတင်ကာကွယ်ရေးအချိန်နှင့်တစ်ပြေးညီတင်ပြပေါင်းစပ်စီမံဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။

MOALI

■

# ပင်မှည့်သီး မှာယူမှုများ မြင့်မားလျက်ရှိ

**ရှမ်း**ပြည်နယ်၊ အောင်ပန်းမြို့ရှိ သစ်သီးဝလံဈေးကွက်၌ ရှားပါးပြတ်လပ်ခါနီးဖြစ်သည့် အီတလီ ပင်မှည့်သီးများအား နေပြည်တော်မှ အများအပြား မှာယူအားပေးလျက်ရှိကြောင်း သိရှိရသည်။ ပင်မှည့်သီးကို အဓိကအားဖြင့် သစ်သီးဖျော်ရည်ဆိုင်များမှ မှာယူလျက်ရှိပြီး ယခုအချိန်တွင် ဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လာကြောင်း သိရှိရပါသည်။

အီတလီပင်မှည့်သီးမှာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဓိကအားဖြင့် ရပ်စောက်နှင့် ပင်လုံမြို့တို့တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ဘားအံ၊ မြဝတီနှင့် တာချီလိတ်တို့မှ အများအပြား မှာယူလျက်ရှိပြီး နေပြည်တော်မှ အများဆုံး မှာယူကြောင်း၊ အောင်ပန်းမြို့တွင်မူသစ်သီးဖျော်ရည်ဆိုင်များမှ အများဆုံးမှာယူကြကြောင်း၊ ယခုအခါ ရာသီ ကုန်ချိန် နီးပြီဖြစ်သဖြင့် ဈေးနှုန်း အနည်းငယ် မြင့်တက်လာကြောင်းကို အောင်ပန်းမြို့နယ်ရှိ အီတလီပင်မှည့်သီး လက်လီလက္ကားကုန်သည် မညိုလွဲရီ၏ ပြောကြားချက်အရ သိရှိရသည်။

ယခုနှစ်၏ ပင်မှည့်သီးအတွက်နှုန်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက မြင့်တက်လာပြီး အရောင်းအဝယ်လည်း ကောင်းမွန်လျက်ရှိကြောင်း၊ ဈေးကောင်းလည်း ရရှိကြောင်း၊ ပင်မှည့်သီးရာသီချိန် ကုန်လုပြီဖြစ်သဖြင့် တစ်နှစ်ပတ်လုံး ရောင်းချနိုင်ရန်အတွက် အသီးများကို အိတ်များဖြင့်ထည့်ကာ အေးခဲထားရသည်ဟု သူမက ဆက်လက် ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

**နှင်းရီဝင်း**

https://www.gnlm.com.mm/241473-2/



စာ-၄ မှ-

နှင့် ကိုက်ညီစေရန် လုပ်ငန်းစဉ်များ တိုးတက်မြှင့်တင် ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေး ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုကို လျော့နည်းစေရန်များ စွာ အ ထော က် အ ကူ ပြု နိုင် မှာဖြစ်ပါကြောင်း၊

သို့ဖြစ်ပါ၍ သင်တန်းသူ၊ သင်တန်းသားများ အနေဖြင့် သင်တန်းက သင်ကြားပို့ချမှုများကို ဂရုတစိုက်လေ့လာမှတ်သားကြကာ မိမိတို့၏ လုပ်ငန်းခွင်များ၌ ပြန်လည်အသုံးချပြီး မြန်မာစိုက်ပျိုးရေး ထွက်ကုန်များ ပြည်ပတင်ပို့ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်၍ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေး ဓာတ်ခွဲခန်း(APAL) ၏ ISO 17025 လက်မှတ်ရရှိခဲ့မှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးသူရေးရာဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၂၀ ဦး တက်ရောက်လျက်ရှိကြကြောင်း၊ သင်တန်းတွင် ပြည်ပတင်ပို့မည့် စိုက်ပျိုးရေးထွက်ကုန် အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးမှု ဆိုင်ရာ နည်းပညာများကို နိုဝင်ဘာ၂၄ မှ ၂၈ ရက်နေ့အထိ ၅ ရက်ကြာ ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**

ကျောဖုံးမှ-

ဖြစ်စေ လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့က ချမှတ်တဲ့ အမိန့်ကို လိုက်နာရမှာဖြစ်ပါသည်။

ထိုကဲ့သို့ ပုဒ်မ ၁၃ အရ ချမှတ်သည့် အမိန့်ကို လိုက်နာခြင်းမရှိသည့် မည်သူ့ကိုမဆို ထိုအမိန့်မှာ ပါရှိသော သတ်မှတ်ရက်ကျော်လွန်သွားရင် သက်ဆိုင်ရာ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ ဒါမှမဟုတ် အဖွဲ့က တာဝန်ပေးအပ်တဲ့ ပုဂ္ဂိုလ်က ပုဒ်မ ၂၀ (ခ) အရ သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုသွားမှာ ဖြစ်ပါသည်။

ထိုသို့ တရားစွဲဆိုသည့်အခါ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူဖြစ်စေ၊ ပုံစံ (၇) မရရှိသူဖြစ်စေ၊ အကွက်ရိုက်ထားတဲ့ လယ်ယာမြေကို ဝယ်ယူသူဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် လယ်ယာမြေဥပဒေ ပုဒ်မ ၃၇-က အရ အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမှာ ဖြစ်ပါသည်။ ယခုကဲ့သို့ ယခင်ကာလများက လယ်ယာမြေကို ခွင့်ပြုချက် မရှိဘဲ (မြို့မြေ/ရွာမြေ)အဖြစ် အခြားနည်းဖြင့် အသုံးပြုခဲ့ခြင်းများနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ (၁၄-၂-၂၀၂၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၃/၂၀၂၄ ဖြင့် “လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများ” ကို ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါ လုပ်ထုံးလုပ်နည်းများ အရ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်နေမှု အခြေအနေကို ခွင့်ပြုရန် သင့်မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၂၂-၂-၂၀၂၄) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၂၄ ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များပါအတိုင်း မြေပြင် ကွင်းဆင်း စိစစ်စာရင်းပြုစု ဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေအနေနဲ့ခွင့်ပြုမိန့်မရှိဘဲ လယ်ယာမြေတွေကို အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများမရှိစေရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ ညွှန်ကြားချက်များကို ထုတ်ပြန်ပြီး ထိန်းသိမ်းကြပ်မတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို သိရှိပြီး ဖြစ်ပါက လက်တွေ့မြေပြင်မှာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ပြီး လွဲမှားစွာ လုပ်ဆောင် နေမှုများ ရှိကြောင်း တွေ့ရှိရလျှင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များထံ တင်ပြနိုင်ပါကြောင်းနှင့် ဥပဒေနှင့် အညီ တိတိကျကျ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း စိုက်ပျိုးမြေများ လျော့နည်းမှု မရှိစေရန် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမြေများကို အခြားနည်းဖြင့် လွှဲပြောင်းသုံးစွဲမှု မဖြစ်စေရေး မြေယာဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်နှင့် လယ်ယာမြေများ ဆုံးရှုံးမှုမရှိစေရေးအတွက် အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုချက်များ ထုတ်ပေးရာတွင် ဒေသဝမ်းစာဖူလုံမှုကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လမ်းညွှန်ထားပါသည်။

ဒါ့အပြင် နိုင်ငံတော်အစိုးရမှ ချမှတ်သော မူဝါဒနှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၂၇.၉.၂၀၂၄) ရက်စွဲပါစာအမှတ်၊ (၁၂/လယ-၅ (၄၁၆/၂၀၂၄)ဖြင့် “လယ်ယာမြေများကို စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ လက်ဝယ် ထားရှိ၍ စိုက်ပျိုးလုပ်ကိုင် အသုံးချခွင့် ပြုခြင်းဖြစ်ရာ အခြားနည်းဖြင့် ပြောင်းလဲ အသုံးပြုနိုင်ရေး လျှောက်ထားလာပါက လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်က မြေပြင်ကွင်းဆင်း စစ်ဆေးခြင်း၊ သက်ဆိုင်သည့် ဌာနဆိုင်ရာများ၏ ထောက်ခံချက်များကို စိစစ်ခြင်း၊ မြေပြင်တွင် ကြိုတင်အသုံးချထားမှု ရှိ မရှိ စိစစ်ခြင်း ဆောင်ရွက်၍ ဥပဒေနှင့် အညီသာ ခွင့်ပြုဆောင်ရွက်ပေးရန်၊ ဥပဒေတားမြစ်ချက်များကို ဖောက်ဖျက် ကျူးလွန်သည့် လျှောက်ထားသူများ၊ စည်းကမ်းနှင့်အညီ ထိန်းကြောင်းရန် ပျက်ကွက်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများကိုလည်း တိတိကျကျ အရေးယူ ဆောင်ရွက်သွားရန်” ညွှန်ကြားထားပြီး ဖြစ်ပါသည်။

လက်ရှိကာလမှာ မြို့မြေ မြေတန်ဘိုးများ မြင့်တက်လာမှုကြောင့် အများပြည်သူတွေအနေနဲ့ မဝယ်နိုင်ကြတဲ့အခါ မြို့/ရွာနဲ့ နီးစပ်တဲ့ နေရာတွေမှာရှိတဲ့ လယ်ယာမြေတွေမှာ ခွင့်ပြုချက် မရရှိပဲ မြေကွက်ရိုက် ရောင်းချနေတာတွေကို ဝယ်ယူလာတာတွေ တွေ့ရှိနေရပါသည်။ လူနေထိုင်ရန် အတွက် မြေကွက် ဝယ်ယူလိုသူတွေ အနေနဲ့ မြို့မြေ/ ရွာမြေ အမျိုးအစားတွေဖြစ်တဲ့ ဂရန်၊ ဘိုးဘွားပိုင်၊ လ/န-၃(ခ) ကျပြီးမြေ၊ အစိုးရ ကနေ တရားဝင်ချထားပေး

စာ-၁၅ သို့

# အိန္ဒိယမှ ပြည်ပသို့ ဆန်တင်ပို့မှု အလုံးစုံပြန်လည်ခွင့်ပြုခဲ့ပြီးနောက် ကမ္ဘာ့ဆန်ဈေးနှုန်း ၁၀ ရာခိုင်နှုန်းကျော်ကျဆင်း



အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု အလုံးစုံ ပြန်လည်ခွင့်ပြုခဲ့သလို ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆန်သစ်များဈေးကွက်သို့ဝင်ရောက်ရန်ရှိသည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်း ကျော် ကျ ဆ င်း လာ ကြော င်း ကုန်သည်များက ပြောကြားသည်။

"ဒေါ်လာဈေးမာလာသည့်အတွက် လျှော့ဈေးဖြင့် ဆန်တင်ပို့ရန် ကမ်းလှမ်းမှုများရှိလာပါတယ်။ အိန္ဒိယက ဆန်ပြန်တင်ပို့ခွင့်ပြုခဲ့သလို၊ ပါကစ္စတန်နှင့် မြန်မာတို့မှ ဆန်သစ်များလည်း ဈေးကွက်သို့ ဝင်ရောက်လာတာရှိပါတယ်။ ဝယ်သူတွေအတွက်တော့ အဆင်ပြေမယ့် အခြေအနေမှာ ရှိနေပါတယ်။" ဟု နယူးဒေလီအခြေစိုက် ဆန်ကုန်သည် Rajesh Paharia Jain က ပြောကြားသည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ (အောက်တိုဘာ ၃၀) က ထိုင်းနိုင်ငံမှ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၇ ရှိကာ အောက်တိုဘာ ၁၆ ရက်နေ့က ကန်ဒေါ်လာ ၅၂၉ ရှိသည့်အတွက် ကျဆင်းခဲ့ကြောင်း၊ ဗီယက်နမ်ဆန်မှာမူ ကန်ဒေါ်လာ ၅၃၇ မှ ၅၄၁ အတွင်း မပြောင်းလဲပဲ၊ ထပ်မံကျဆင်းဖွယ်ရှိကြောင်း၊ ပါကစ္စတန်ဆန်မှာမူ ယခင်ကန်ဒေါ်လာ ၄၈၁ မှ ၄၈၅ ရှိခဲ့ရာမှ ကန်ဒေါ်လာ ၄၆၃ မှ ၄၆၇ သို့ ကျဆင်းခဲ့ကြောင်း၊အိန္ဒိယ ဆန်ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၈၈ မှ ၄၉၂ ရှိခဲ့ရာမှ ကန်ဒေါ်လာ ၄၄၄ မှ ၄၄၈ သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယမှ ဆန်ကွဲ ၂၅ ရာခိုင်နှုန်းပါ ဆန်ဖြူဈေးနှုန်းမှာ ၁ တန်လျှင် ယခင် ကန်ဒေါ်လာ ၄၉၁ မှ ၄၉၅ ကမ်းလှမ်းခဲ့ရာမှ ယခု ကန်ဒေါ်လာ ၄၃၄ မှ ၄၃၈ ကမ်းလှမ်းလျက်ရှိကြောင်း၊ ပါကစ္စတန်မှ အဆိုပါ ဆန်ဈေးနှုန်းမှာ ပိုမိုသက်သာပြီး ယခင်ကန်ဒေါ်လာ ၄၄၀ မှ ၄၄၄ ရှိခဲ့ရာမှ ယခု ကန်ဒေါ် လာ ၄၂၄ မှ ၄၂၈ သို့ ကျ ဆ င်း ခဲ့ ကြော င်း ၊ ထို င်း ဆ န် မှာ ယခင် ကန်ဒေါ်လာ ၅၀၈ မှ ယခု ကန်ဒေါ်လာ ၄၉၁ သို့လည်းကောင်း၊ ဗီ ယ က် န မ် ဆ န် မှာ ယ ခ င် က န် ဒေါ် လာ ၅၀၉ မှ ၅၁၃ ရှိခဲ့ရာမှ ယခုအခါ ကန်ဒေါ်လာ ၄၉၇ မှ ၅၀၂ သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ပေါင်းဆန်ကိုကြည့်လျှင် 100% sortexed ထိုင်းပေါင်းဆန်ဈေးနှုန်းမှာ ယခင် ကန်ဒေါ်လာ ၅၆၁ မှ ကန်ဒေါ်လာ ၅၂၂ သို့လည်းကောင်း၊ ပါ က စ္စ တ န် ပေါ င်း ဆ န် ဈေး နှု န်း မှာ ယခင် ကန်ဒေါ်လာ ၅၀၀ မှ ၅၀၄ ရှိခဲ့ရာမှ ကန်ဒေါ်လာ ၄၉၃ မှ ၄၉၇ သို့ လည်းကောင်း၊ အိန္ဒိယပေါင်းဆန်မှာ ဈေးအချိုဆုံးဖြစ်ပြီး ယခင် ကန်ဒေါ်လာ ၄၉၀ မှ ၄၉၄ ရှိရာမှ ယခု ၄၃၉ မှ ၄၄၃ အသီးသီးရှိကြောင်း သိရသည်။

"ကျနော်တို့ ဗီယက်နမ်ကို ဆန်ဖြူတင်ပို့တာမှာ ကုန်သေတ္တာစရိတ်အပါ ယခင်က ၁ တန်ကို ကန်ဒေါ်လာ ၄၉၅ မှ ယခု ၄၇၅ သို့ ကျဆင်းခဲ့ပါတယ်။" ဟု စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်း ချသူများအသင်း (Agricultural Commodities Exporters Association) ဥက္ကဋ္ဌ M Madan Prakash က ပြောသည်။

တစ်ဖက်တွင် ကုန်သေတ္တာစရိတ်များကျဆင်းလာခြင်းက ဝယ်သူများကို အထောက်အကူ ဖြစ်စေကြောင်း၊ "ကုန်တင်ပို့မှု မရှိသလောက်နည်းပါးလာတဲ့အတွက် ကုန်သေတ္တာစရိတ်တွေ ကန်ဒေါ်လာ ၁၀၀ အထိ ကျဆင်းလာပါတယ်။ တစ်ခါတစ်လေ ကန်ဒေါ်လာ ၅၀ ခန့်ဖြင့် ရရှိနိုင်ပါတယ်။" ဟု ၎င်းက ပြောကြားခဲ့သည်။ သို့သော် ကုန်သည်များအနေဖြင့် ဆန်ဈေးနှုန်း မည်မျှကျ ဆင်းမည် ကို ဆ က် လ က် စော င့် ကြ ည့် လေ့လာလျက်ရှိသည့်အတွက် ပြီးခဲ့သည့်သီတင်းပတ် အတွင်း က ဆန်အရောင်းအဝယ်အေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာမှ စတင်ကာ ပြည်ပသို့ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခဲ့ပြီး၊ ဆန်ဖြူတင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်တွင် ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခဲ့ပြီး၊ ပေါင်းဆန်အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့သည်။ သို့သော် ယခုနှစ် အောက်တိုဘာ ၂၃ ရ နှင့် ၂၄ တို့တွင် ပြည်ပသို့ ဆန်တင်ပို့ခွင့် အလုံးစုံပြန်လည် ခွင့်ပြုပေးခဲ့ပြီး၊ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း MEP အပါအဝင် ပို့ကုန်ခွန်အားလုံး ဖယ်ရှားပေးခဲ့သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ယခုကဲ့သို့ ဆန်ဈေးနှုန်းများ ကျဆင်းလာခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ဆန်ပို့ကုန်မူဝါဒ ဖြေလျှော့မှုကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပဆန်ဈေးနှုန်းများကျဆင်းမှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Global rice prices drop over 10% after India lifts all curbs on exports, Oct 30, 2024

# တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် တရုတ်သို့ လယ်ယာထွက်ကုန်များ ပိုမိုတင်ပို့ရန် လာအိုမျှော်လင့်

လာအိုနိုင်ငံသည် ရေရှည်တည်တံ့သော လယ်ယာထွက်ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် လယ်သမားများနှင့် ထုတ်လုပ်သူများကို အားပေးတိုက်တွန်းလျက်ရှိကြောင်း သိရှိရသည်။

တရုတ်စားသုံးသူများအကြား အသီးအနှံဝယ်လိုအား မြင့်တက်လာမှုကြောင့် လာအိုနိုင်ငံ၌ ဒူးရင်းသီးစိုက်ရန် တရုတ်လုပ်ငန်းရှင်တချို့က စိတ်ဝင်စားလာကြောင်းနှင့် တရုတ်လူမျိုးများသည် ဒူးရင်းသီးကို အလွန်ကြိုက်နှစ်သက်သဖြင့် လာအိုနိုင်ငံအနေဖြင့်တရုတ်ဈေးကွက်မှ အကျိုးအမြတ်များစွာရနိုင်မည့် အခွင့်အရေး ဖြစ်ကြောင်း လာအိုမြို့တော် ဗီယင်ကျန်းမြို့ရှိ သစ်သီးရောင်းချသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့ကြောင်း သိရှိရသည်။

လာအိုနိုင်ငံသည် သဘာဝသယံဇာတပေါများပြီး စိုက်ပျိုးရန်သင့်တော်သည့်မြေများရှိ၍ တရုတ်နိုင်ငံအတွက် သီးနှံထောက်ပံ့ရန် အလားအလာရှိသော နိုင်ငံဖြစ်လာနိုင်ကြောင်း ၎င်းကပြော ကြားသည်။

The Lao National Chamber of Commerce and Industry (LNCCI) နှင့် တရုတ် စီးပွား ရေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့တို့သည် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် လာအိုဒူးရင်းသီးကဏ္ဍ၏အလားအလာများကို ရှာဖွေဖော်ထုတ်ရန်အစည်းအဝေးတစ်ခုကို မကြာသေးမီက ကျင်းပခဲ့ကြသည်။

အစည်းအဝေးတွင် LNCCI ၏ ဒုတိယဥက္ကဋ္ဌ Bounleuth Luangpaseuth မှ လာအိုနိုင်ငံ၏ မြေဩဇာကောင်းသော စိုက်ပျိုးမြေတွင် ဒူးရင်းစိုက်ပျိုးမှု လျင်မြန်စွာ ကြီးထွားလာမှုကို အလေးပေး ပြောကြားခဲ့ပြီး တရုတ်-လာအိုရထားလမ်းသည် အရေးကြီးသော လမ်းပန်းဆက်သွယ်ရေးတစ်ခု အဖြစ် မီးမောင်းထိုးပြခဲ့ကြောင်း သိရှိရသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင်လည်း လာအိုစိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Bounthieng Lattanavong က လာအိုနှင့် တရုတ်အစိုးရတို့သည် လာအို ထုတ်ကုန်

စာ-၇ သို့



# အေးခဲထားသော ဒူးရင်းသီးများကို တရုတ်သို့ တင်ပို့ရန် ဖိလစ်ပိုင် အသင့်ဖြစ်နေ

တရုတ်နိုင်ငံသို့ အေးခဲထားသော ဒူးရင်းသီးများ တင်ပို့ရန်အတွက် ဖိလစ်ပိုင်နိုင်ငံမှ လုပ်ငန်း ၃ ခုသည် "တရုတ်နိုင်ငံ၏ တင်သွင်းလာသော စားသောက်ကုန် လုပ်ငန်းများအတွက် မှတ်ပုံတင်စနစ် (China's Import Food Enterprise Registration system)"မှတစ်ဆင့် မှတ်ပုံတင် ထားသည်ဟု Davao City Durian Industry Council ၏ ဥက္ကဋ္ဌ Emmanuel Belviz က မကြာသေးမီက ကြေညာခဲ့ကြောင်း ဖိလစ်ပိုင်မီဒီယာတစ်ခု၏ ဖော်ပြချက်အရ သိရှိရပါသည်။ အဆိုပါလုပ်ငန်း (၃)ခုမှာ Eng Seng Food Products၊ SQ Fresh Fruit Corporation နှင့် D' Farmers Market Fruits and Pastries Center တို့ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်တွင် တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေ အုပ်ချုပ်အာဏာပိုင် အဖွဲ့၏ သွင်းကုန်နှင့် ပို့ကုန်အစားအသောက်ဘေးကင်းရေးဗျူရို (the Bureau of Import and Export Food Safety)သည် အေးခဲထားသောသစ်သီးများတင်သွင်းမှုအတွက် ၎င်း၏ လိုအပ်ချက်များကို ပြောင်းလဲမှုတစ်ရပ်ပြုလုပ်ခဲ့ပြီး အေးခဲထားသောသစ်သီးထုတ်ကုန်များအတွက် ဈေးကွက် ဝင်ရောက်ခွင့်ဆိုင်ရာ လိုအပ်ချက်များကို ဖယ်ရှားပေးခဲ့ကြောင်း၊ ထိုပြုပြင်ပြောင်းလဲမှုသည် ကမ္ဘာ တစ်ဝန်းရှိ မည်သည့်ဒေသမှမဆို အေးခဲဒူးရင်းသီးများအပါအဝင် အေးခဲထားသော သစ်သီးမျိုးစုံကို ပုံမှန်တင်သွင်းခြင်းဆိုင်ရာ Quarantine လုပ်ငန်းစဉ်များမလိုအပ်ဘဲ တရုတ်ဈေးကွက်သို့ ဝင်ရောက် ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ အေးခဲထားသော ဒူးရင်းသီးများ တိုက်ရိုက်တင်ပို့မှုကို ယခင်က ခွင့်မပြု သဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းမပြုမီ ထိုင်းနိုင်ငံမှ တစ်ဆင့် တင်ပို့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ အေးခဲသစ်သီးများ တင်သွင်းမှုအပေါ် ကန့်သတ်ချက်များ ရုပ်သိမ်းလိုက်ပြီဖြစ်သောကြောင့် တင်ပို့သူများသည် ၎င်းတို့၏ အေးခဲထားသော ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရန် လျှောက် ထားလာကြသည်ဟု Belviz က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ထိုင်းနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံမှ အေးခဲထားသောဒူးရင်းသီးများကို အများ ဆုံး ဝယ်ယူသည့် နိုင်ငံဖြစ်ပြီး ယခုနှစ်တွင် မက်ထရစ်တန် ၃,၁၃၀ ခန့် တင်ပို့ခဲ့ကာ ၎င်းနောက်တွင် တောင်ကိုရီးယား ၁၈၆ မက်ထရစ်တန်နှင့် မလေးရှားနိုင်ငံ ၂၆ မက်ထရစ်တန် တို့ဖြစ်ကြောင်း သိရှိရသည်။



Davao City Durian Industry Council မှ အချက်အလက်များအရ Davao ဒေသမှ တရုတ် နိုင်ငံသို့ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီး တင်ပို့မှုသည် ယခုနှစ် ပထမကိုးလအတွင်း ၉,၂၉၅ မက် ထရစ်တန်အထိ ရောက်ရှိခဲ့ပြီး စင်ကာပူသို့ ၅၆ မက်ထရစ်တန်နှင့် ဂျပန်နိုင်ငံသို့ ၁၈၄ ကီလိုဂရမ် သာ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ ဒူးရင်းသီးတင်ပို့မှု စုစုပေါင်းသည် ၉၃၅၁ မက်ထရစ်တန်ရှိပြီး ၂၀၂၃ ခုနှစ်တွင် တင်ပို့ခဲ့သည့် ၄၀၈၈ မက်ထရစ်တန်၏ နှစ်ဆကျော်ရှိကြောင်း သိရသည်။

Davao ၏ ဒူးရင်းသီးရာသီသည် လက်ရှိအချိန်အထိ ဆက်လက်ရှိနေပြီး အမြင့်ပိုင်းဒေသများ တွင် အသီးများခူးဆွတ်နေဆဲဖြစ်ကြောင်း၊ တင်ပို့သူများသည် ၎င်းတို့၏ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် အောင်မြင်ပါက ရာသီကုန်သည်နှင့် အေးခဲထားသောဒူးရင်းသီးများကို ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အောက်တိုဘာလလယ်၌ ကျင်းပခဲ့သည့် မီဒီယာဖိုရမ်တစ်ခုတွင် တရုတ်နိုင်ငံသို့ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးတင်ပို့မှုနှင့်ပတ်သက်၍ Belviz က ဆွေးနွေးရာတွင် ဒူးရင်းသီး၏ ဆူးများပျက် စီးခြင်းနှင့် အသီးအပွန်းပဲ့ခြင်းများကို ကာကွယ်ရန် ခူးဆွတ်စဉ်တွင် ဒူးရင်းသီးများကို မြေပေါ်မချရဟု အလေးပေးပြောကြားခဲ့ပြီး ဝယ်ယူသူများထံမှ တိုင်ကြားမှုများကို ရှောင်ရှားရန် တင်ပို့သူများအနေ ဖြင့် ဒူးရင်းသီးများ အမှည့်လွန်ခြင်းနှင့် အသီးပုပ်ခြင်း မရှိစေရေး သေချာစွာ ဆောင်ရွက်သင့်သည် ဟု အလေးပေး ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးတင်ပို့မှု၌ တစ်ကမ္ဘာလုံးတွင် အဆင့် ၆ နေရာ၌ ရပ်တည်နေပြီး Davao ဒေသသည် ဖိလစ်ပိုင်နိုင်ငံ၏ ဒူးရင်းသီး စုစုပေါင်းထွက်ရှိမှု၏ ၇၈ ရာခိုင်နှုန်းရှိကြောင်းနှင့် အဆိုပါဒေသသည် ၂၀၂၃ ခုနှစ်တွင် ဒူးရင်းသီး ၆၀,၃၃၁ မက်ထရစ် တန် ထွက်ရှိခဲ့ပြီး ယခင်နှစ်ကထက် ၂ ဒသမ ၉ ရာခိုင်နှုန်းခန့် တိုးလာခဲ့ကြောင်းသိရှိရပါသည်။

ယခုအခါ တရုတ်နိုင်ငံသည် အေးခဲထားသော သစ်သီးများတင်သွင်းခြင်းအတွက် quarantine requirement များကို ဖြေလျှော့လိုက်ပြီဖြစ်၍ မြန်မာနိုင်ငံမှ ဒူးရင်းသီး၊ ထောပတ်သီးစသည့် သစ်သီးများကို အေးခဲထားသည့်ပုံစံဖြင့် တင်ပို့နိုင်မည့် အခွင့်အလမ်း ရှိပါကြောင်းနှင့် China's Import Food Enterprise Registration system(CIFER)၌ ဝင်ရောက်မှတ်ပုံတင်၍ တရုတ်ဈေးကွက်သို့ မြန်မာ နိုင်ငံမှ သစ်သီးများ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သင့်ကြပါကြောင်း တင်ပြလိုက်ရပါသည်။

**ကေခိုင်ကျော်**

https://www.producereport.com/article/philippines-ready-export-frozen-durians-china

---

စာ-၆ မှ

များကို တရုတ်ဈေးကွက်သို့ ပို့ဆောင်နိုင်စေရန် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး အထူးသဖြင့် တရုတ်-လာအို ရထားလမ်းပိုင်းအတွက် များစွာရင်းနှီးမြှုပ်နှံထားသည်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

စိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိမှု၊ ပြုပြင်ထုတ်လုပ်မှုနှင့် တင်ပို့မှုတို့ကို အားပေးမြှင့်တင် ရန်အတွက် သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အဆင့်မြှင့်တင်ရန် လာအိုအစိုးရက အလေးထားဆောင်ရွက်ခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။

တရုတ်-လာအိုရထားလမ်းကြောင်းသည် ပို့ကုန်မြှင့်တင်ရာတွင် အရေးပါပြီး လယ်ယာထွက်ကုန်များ အထူးသဖြင့် လတ်ဆတ်သောထွက်ကုန်များ သယ်ယူပို့ဆောင်မှုအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း သိရှိရသည်။

လာအိုနိုင်ငံမှ တောင်သူများသည် ထုပ်ပိုးမှုနှင့် ထောက်ပံ့ပို့ဆောင်ရေး အပါအဝင် ၎င်းတို့ ထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းချုပ်ရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံသည် ကြီးမားသော ဈေးကွက်တစ်ခုဖြစ်၍ ၎င်းတို့၏ထုတ်ကုန်များသည် တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် လိုအပ်သည့် အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီပါက ဝင်ငွေအများကြီးရလိမ့်မည်ဟုယုံကြည်ကြောင်း လာအို မြို့တော် ဗီယင်ကျန်းမှ ရောင်းချသူ Manichanh Bounheuang က ပြောကြားခဲ့သည်။

လာအိုနိုင်ငံမှ ငှက်ပျောသီးတန်ချိန် ၃၉၀ ကို တရုတ်နိုင်ငံသို့ အအေးခန်းတွဲရထားဖြင့် ပို့ဆောင်ခဲ့ပြီး လာအိုမြို့တော် ဗီယင်ကျန်းမှ ကူမင်းမြို့သို့ ထွက်ခွာကာ ပေကျင်းမြို့၊ ပင်ဂူခရိုင်သို့ ဆက်လက်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရထားသည် အောက်တိုဘာ ၁၂ ရက်နေ့တွင် ဗီယင် ကျန်းမြို့မှ ထွက်ခွာခဲ့ပြီး အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဘေဂျင်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

လာအိုနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၂၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

လာအိုအစိုးရသည် ပြည်တွင်းဈေးကွက်၌ ကုန်ပစ္စည်းများ ပိုမိုရောင်းချနိုင်ရန်၊ လိုအပ်နေသော နိုင်ငံခြားငွေ ရရှိရန်နှင့် မြင့်မားသော နိုင်ငံခြားငွေလဲလှယ်နှုန်းကို လျှော့ချရန်အတွက် ပို့ကုန်တင်ပို့နိုင်ရေး ပိုမိုထုတ်လုပ်ရန် လယ်သမားများနှင့် ထုတ်လုပ်သူများအား တွန်းအားပေးလျက်ရှိ ကြောင်း သိရှိရသည်။

**ကေခိုင်ကျော်**

en.people.cn/n3/2024/1101/c90000-20236678.html

လယ်ယာထွက်ကုန် ဈေးနှုန်းသတင်းများကို

www.agribiznews.com.mm

တွင်

ကြည့်ရှုနိုင်ပါသည်

# ရေချိုပုစွန်ထုပ်၏ သဘာဝနှင့်အသုံးဝင်ပုံ

ပင်လယ်ပြာ(ငါးဦးစီး)




ရေချိုပုစွန်ထုပ်ကြီးများကို မြန်မာနိုင်ငံတွင် ရေချိုရေငန်စပ်ဒေသဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသများနှင့် ယင်းဒေသများနှင့် နီးစပ်ဆက်သွယ်နေသော ရေချိုမြစ်ချောင်း၊အင်းအိုင်များတွင် အများအပြားတွေ့ရှိရပါသည်။ရေချိုပုစွန်ထုပ်ကြီးမျိုးစိတ်ပါဝင်လျက်ရှိသောမျိုးစုတွင် မျိုးစိတ်ပေါင်း ၂၀၀ ခန့်ရှိပြီး ကမ္ဘာ့ အပူပိုင်းဒေသများတွင် ပြန့်နှံ့ကျက်စားလျက်ရှိပါသည်။ငှင်းမျိုးစိတ်များအနက် မြန်မာနိုင်ငံတွင် မျိုးစိတ် ၂၅ ခုခန့်ရှိကြောင်း သိရှိရပါသည်။ငှင်းမျိုးစိတ်များအနက် ရေချိုပုစွန်ထုပ်ကြီးသည် အရွယ်အစား ကြီးမားပြီး ကြီးထွားမှုကောင်းမွန်သောကြောင့် မွေးမြူရေးလုပ်ငန်းတွင်အသုံးပြုခြင်း ဖြစ်သည်။

ရေချိုပုစွန်ထုပ်ကြီးမျိုးရင်း Macrobrachium ကို ကမ္ဘာ့အရပ်ရပ်ရှိ အပူပိုင်းနှင့် သမပိုင်းဒေသတို့၌ တွေ့ရှိရသည်။သို့ရာတွင် Macrobrachium မျိုးစိတ်ကိုမူ သီရိလင်္ကာ၊ အိန္ဒိယ၊ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ တောင်ပိုင်းတရုတ်ပြည်၊ထိုင်ဝမ်၊ ဖိလစ်ပိုင်၊အင်ဒိုနီးရှား၊ မလေးရှား၊မြောက်ပိုင်း သြစတေးလျဒေသတို့၏ ကမ်းရိုးတန်းတစ်လျောက် အင်း၊အိုင်၊ချောင်း၊မြောင်းတို့၌ သဘာဝအလျောက် တွေ့ရှိရ၏။သို့ရာတွင် ယခုအခါ စီးပွားရေးအရ အလွန်တွက်ခြေကိုက်သော မျိုးစိတ်တစ်မျိုးဖြစ်နေ၍ နိုင်ငံတော်တော်များများ၌ တွင်ကျယ်စွာ မွေးမြူလျက်ရှိကြသည်။

ရေချိုပုစွန်ထုပ်ကြီး၏ ဦးချိုအပေါ်ဘက်တွင် အသွား(၁၁ ခု မှ ၁၄ ခု)အထိ ရှိပြီး အောက်ဘက်တွင် အသွား(၈ ခုမှ ၁၃ ခု)သာ ရှိခြင်းသည် အခြားသော ရေချိုပုစွန်မျိုးစိတ်များနှင့် အဓိကကွာခြားသော အချက် ဖြစ်ပါသည်။

ရေချိုပုစွန်ထုပ်သည် ခြေ၊ လက် ၅ စုံပါသော အခွံမာရေနေသတ္တဝါ (decapods crustaceans)များဖြစ်ကြပြီး ရှည်လျှားသော ဦးမှင်အင်္ဂါ ၂ ခုမှာ ယင်းတို့၏ဦးခေါင်းထိပ်တွင် ရှိကြပါသည်။ပုစွန်မျိုးစိတ်များမှာ အမြီးရှည်ရှည်နှင့် မျက်လုံးပြူးသည့် ရေသတ္တဝါလည်း ဖြစ်ပေသည်။ တစ်မူထူးခြားသည်မှာ ရေချိုပုစွန်ထုပ်၏ သွေးအရောင်မှာ နက်ပြာရောင် ဖြစ်နေပါသည်။

ကမ္ဘာပေါ်တွင် ပုစွန်ထုပ်မျိုးစိတ်ပေါင်း ၂၀၀ ခန့်ရှိကြပြီး Macrobrachium Rosenbergii မျိုးစိတ်သည်အကြီးမားဆုံးဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း တွေ့ရှိရပါသည်။ အမြင့်ဆုံးအလျား ၂၉-၃၃ စင်တီမီတာထိ ရှိကြပါသည်။

ပုစွန်ထုပ်မှာလည်း ကဏန်းကဲ့သို့ပင် ခြေ၊ လက် ၅ စုံပါပြီး ပထမအစုံကို 'လက်မ'ဟု ခေါ်သည်။လက်မတစ်ဖက်မှာ ကြီး၍ တုံးသောသွားများပါရှိကာ ယင်းလက်မဖြင့် မိမိ၏အစာကို ကြိတ်ချေကြသည်။ ကျန်လက်မတစ်ဖက်မှာ သေးငယ်၍ ချွန်ထက်သော သွားများပါရှိကာ အစာကို ကိုက်ဖြတ်ရန် အသုံးပြုကြသည်။ ပုစွန်ထုပ်များမှာ အစုံစား (omnivorous) များဖြစ်ကြ၍ ခရု၊ ကမာ၊ ရေမှော်၊ပုစွန် စသည်တို့ကို ငှင်းတို့၏ အစာအဖြစ်စားသုံးကြပါသည်။

## ရေချိုပုစွန်ထုပ်ကြီး၏ ခန္ဓာဗေဒ အချက်အလက်များ

ရေချိုပုစွန်ထုပ်သည် နှစ်ပေထိပင် ရှည်တတ်သည်။ အချို့ ပုစွန်ထုပ်ကြီးများမှာ ၃၅ ပေါင်အထိပင်အချိန်စီးတတ်သည်။ ကိုယ်ပေါ်တွင် အပြာရောင်ခပ်ပြောင်ပြောင် အခွံမာ ဖုံးအုပ်နေသည်။ အမြီးမှာ ယပ်တောင်သဖွယ် ကားနေသည်။ ကိုယ်ထည်မှာ လုံးနေပြီး အစိတ်အပိုင်း ၆ ခု ဆက်စပ်ထားသကဲ့သို့ ဖြစ်နေသည်။ ဦးခေါင်းထိပ်တွင် ရှည်လျားသော အမှင်အင်္ဂါ ၂ ခုရှိသည်။

ပုစွန်ထုပ်သည် တသက်လုံး ဤအခွံနှင့်ချည်း နေသွားသည် မဟုတ်ချေ။ မကြာခဏ အခွံလဲသည်။ ပထမ တစ်နှစ်သားအတွင်း ၁၄ ကြိမ်မှ ၁၇ ကြိမ်အထိ အခွံလဲသည်။ နောက်ကြီးသောအခါ တစ်နှစ် တစ်ကြိမ် လဲသည်။ ပုစွန်ထုပ်သည် အခွံလဲတော့မည်ရှိသောအခါ ကဏန်းကဲ့သို့ပင် လုံခြုံစိတ်ချရသော နေရာကောင်းတစ်ခုကို မရအရ ရှာဖွေစမြဲဖြစ်သည်။ သူ၏ ရှည်လျားသော အမှင်အင်္ဂါဖြင့် တွေ့သမျှ အပေါက်များအထဲသို့ ထိုးသွင်းစမ်းသပ်ခြင်းဖြင့် သင့်တော်မည့် အပေါက်၊ သို့မဟုတ် "တွင်း"ကို ရှာဖွေသည်။ ထိုးစမ်းကြည့်သော အပေါက်ထဲတွင် မည်သည့်ဘေးအန္တရာယ်မျှ မရှိဟူ၍ စိတ်ချလောက်မှ တွင်းအောင်းခြင်း အမှုကို ပြုလေသည်။

တွင်းအောင်းရင်းပင် ပုစွန်ထုပ်သည် အပြင်းအထန် တွန့်လိမ်လူးလှိမ့်ရှားကာ အရေခွံလဲရသည်။ အရေခွံလဲရသည်မှာ အခွံမာကြီးများကို ကိုယ်ပေါ်မှ ပြုတ်ထွက်သွားအောင် အပြင်းအထန်ကြိုးပမ်းရသည်ဖြစ်ရာ အားကုန်ပင်ပန်းလှသည်ဖြစ်သောကြောင့် ပုစွန်ထုပ်သည် အခွံကျွတ်သည့်အခါ ခေတ္တမျှ မလှုပ်မယှက်နိုင်ဘဲ မေ့မြော၍ပင် သွားရှာတတ်သည်။ သို့သော် အသစ်ပေါ်ပေါက်လာသော အရေခွံ အတန်ငယ်မာလာသည်နှင့် တပြိုင်နက် အင်အားတဖန် ပြန်လည်ပြည့်ဝလာလေသည်။ အရေခွံဟောင်းကွာ၍ အခွံသစ် မာကျောလာခြင်းမရှိမီအချိန်တွင် ရန်သူတို့ကို အထူးသတိထား၍ နေကြရသည်။ ဤကဲ့သို့ အခါအားလျော်စွာ အခွံလဲပေးမှသာလျှင် ယင်းတို့၏ ကိုယ်ခန္ဓာအရွယ်အစားနှင့် အလေးချိန် တဖြည်းဖြည်း ကြီးထွားလာနိုင်မည်ဖြစ်သည်။ယင်းဖြစ်စဉ်ကို ပုံသွင်းခြင်း(Moulting)ဟု ခေါ်သည်။

ပုစွန်ထုပ်သည်ရေထဲတွင် ယက်ကာယက်ကာဖြင့် လေးလေးမှန်မှန်သွားလေ့ရှိသည်။ သို့ရာတွင် တစုံတရာ အရေးကြီးသော ကိစ္စကြုံလာလျှင် ရေထဲသို့ လျင်မြန်သော အရှိန်ဖြင့် နောက်ပြန် ပစ်ကူးလေ့ရှိသည်။ တစ်ခါတရံ ခပ်ကျဲကျဲသွား၍ တစ်ချက်တစ်ချက် ခုန်တတ်သေးသည်။ သွားရာနေရာ၌ တွင်းများတွေ့လျှင် သူ၏လက်မကြီးဖြင့် နှိုက်စမ်းကြည့်တတ်သည်။ ရန်သူကို တွေ့ပါက လက်မဖြင့် ညှပ်ပစ်လေသည်။

ရှုံ့နှံ့ထူထပ်သော နေရာမျိုးတွင် ပုစွန်ထုပ်ကို တွေ့ရခဲသည်။ ယင်းတို့သည် ကျောက်တောင်ထူထပ်ပေါများသော ကမ်းခြေ ရေတိမ်ရာနေရာများကို အထူးသဖြင့် ကြိုက်နှစ်သက်တတ်သော်လည်း ရေနက်ရာ အရပ်များတွင်လည်းတွေ့ရတတ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာဖက်ရှိ အမေရိကန်ကမ်းခြေတစ်လျောက်တွင် တွေ့ရသော ပုစွန်ထုပ်မျိုးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးမျိုး ဖြစ်သည်။ ဥရောပတိုက် ကမ်းခြေတစ်လျောက်တွင် တွေ့ရသော ပုစွန်ထုပ်မျိုးမှာမူ အမေရိကန် ပုစွန်ထုပ်လောက် မကြီးချေ။ ပင်လယ်ပုစွန်ထုပ်မျိုးတွင် အာဖရိကတိုက် ဂွတ်ဟုတ်အငူ ကမ်းခြေတွင် တွေ့ရသော ပုစွန်ထုပ်မျိုးသည် အငယ်ဆုံးဖြစ်သည်။ နိုင်ငံအရပ်ရပ်ရှိ မြစ်ချောင်းတို့မှဖမ်းယူရရှိသော ရေချိုပုစွန်ထုပ်တို့မှာမူ အကြီးဆုံး ၈ လက်မခန့်သာ ရှိလေသည်။

ပုစွန်များသည် အစုံစားသတ္တဝါ (Omnivorous)ဖြစ်ပြီး၊ အစာမဝသည့်အခါတွင်လည်းကောင်း၊ အစာအာဟာရမပြည့်ဝသည့်အခါတွင်လည်းကောင်း အရေခွံလဲခြင်းနှင့်ကြုံကြိုက်လျှင် အချင်းချင်းပြန်စားလေ့ရှိသည်။အလင်းရောင်ကို ကြိုက်နှစ်သက်သော်လည်း တိုက်ရိုက်အလင်းရောင်ကို မကြိုက်နှစ်ပါ။ ရေချိုပုစွန်ထုပ်ကြီးသည် အဓိကအားဖြင့် ကြီးထွားမှုတွင် အဆင့် ၄ ဆင့်ရှိပါသည်။ငှင်းတို့မှာ ဥ၊ သားလောင်း၊ သားပေါက်နှင့် သက်ကြီးကောင်တို့ပင်ဖြစ်သည်။

## မျိုးပွားခြင်း

ရေချိုပုစွန်ထုပ်ကြီးမျိုးဖြစ်သော်လည်း မျိုးပွားရာသီတွင် ရေချိုရေငန်စပ်ရှိရာ မြစ်ဝကျွန်းပေါ်သို့ သွားရောက်၍ မျိုးပွားကြသည်။ ရေချိုပုစွန်ထုပ်ကြီး၏ သက်တမ်း ၇ လမှ ၉ လအတွင်း အရွယ်ရောက်ပြီး မိတ်လိုက်ရန် ရှေးဦးစွာ အရေခွံလဲခြင်း ပြုလုပ်ရသည်။

အရွယ်ရောက်သည့် ပုစွန်အထီးနှင့် အမ မိတ်လိုက်ရန်အတွက်

စာ-၉ သို့

စာ-၈ မှ

အထီး၏အရေခွံမှာ မာကျော၍ အမ၏ အရေခွံမှာ ပျော့ပျောင်းနေရသည်။ဤကဲ့သို့ အမ၏အရေခွံပျော့ပျောင်းနေစေရန်အတွက် မိတ်မလိုက်မီအချိန်တွင် အမသည် အကြိုမိတ်လိုက်ခြင်းကိုပုံဖော်ခြင်း(Pre-mating moult)ကိုပြုလုပ်သည်။ အထီးနှင့်အမမိတ်လိုက်သည့်အခါတွင် အမ၏ ကျောခွံ(Carapace) အောက်ပိုင်းရှိရင်ဘတ်ပိုင်း (Thoracic Region)တွင်ရှိသည့် သုက်ပိုးလက်ခံမှု(sperm receptacle) ၌ အထီး၏မျိုးရည်ကို ကျောက်ကျောကဲ့သို့ အရည်တစ်မျိုးဖြင့် တွယ်ကပ်စေ၏။ပုစွန်ထုပ်ကြီးများသည် သဘာဝအားဖြင့် တစ်နှစ်ပတ်လုံး မိတ်လိုက်သည်။သို့သော် တခါတရံ မိတ်လိုက်မှုမြင့်မားခြင်းကို တွေ့ရသည်။မိတ်လိုက်ပြီး နာရီပိုင်းအနည်းငယ်အကြာတွင် အမ၏ ဥများကို ကျောခွံ(carapace) တွင်းမှ စစ်ထုတ်ပြီး သုက်ရည်နှင့် ရောနှောသန္ဓေအောင်စေ၍ ဝမ်းဗိုက်အောက်အတွင်းရှိဥအိတ်တွင် ကျောက်ကျောကဲ့သို့အရာဖြင့်တွယ်ကပ်ထားသည်။ သန္ဓေအောင်ပြီးဥများကို အမသည် ရေယက်များဖြင့် သန့်စင်ပေးသည်။ ၄င်းဥများကို ၁၈ ရက်မှ ၂၁ ရက်ကြာသိုလှောင်ထားပြီး ဥစကပ်ချိန်တွင် လိမ္မော်ရောင်ဖြစ်ကာ လိမ္မော်ရင့်ရောင်သို့ ပြောင်းလာပြီး၊ ဥပေါက်ကာနီးအချိန်တွင် အညိုရင့်ရောင်ဖြစ်လာသည်။

## ပုစွန်ထုပ်အမ ဥ ဥနှုန်း

ပုစွန်ထုပ်အမတစ်ကောင်၏ ဥချသောဥအရေအတွက်မှာ အရွယ်အစားပေါ်တွင် မူတည်သည်။ အရွယ်ရောက် ဥဆောင်အမတစ်ကောင်လျှင် ဥ ၁၀၀၀၀ မှ ၅၀၀၀၀ အထိ ဥချတတ်ပြီး၊ အကောင်ကြီးများတွင် ဥ ၁၀၀၀၀၀ နီးပါး ဥချတတ်သည်။ ပုစွန်အမသည် ရေယက်များကို လှုပ်ရှားခြင်းဖြင့် ဥများကို ဥချသည်။ဥပေါက်ပြီး ဥများကုန်ရန် တစ်ရက်မှ နှစ်ရက်ကြာတတ်သည်။ယင်းဥများကို ဝမ်းဗိုက်ရှိ ရေကူးအင်္ဂါငယ်လေးများတွင် အမြဲကပ်နေအောင် သယ်ဆောင်ထားကြပါသည်။ပုစွန်ထုပ်ဝမ်းဗိုက်ရှိ ရေကူးအင်္ဂါငယ်များမှာ ပုစွန်ထုပ်များရေကူးရာတွင် ၄င်းတို့လှော်တက်များသဖွယ် အသုံးပြုကြသည်။

ပုစွန်ထုပ်အမမှာ ဥများကို ၁၁ လမျှကြာအောင် ၄င်းတို့ရေကူးအင်္ဂါငယ်များတွင် သယ်ဆောင်ထားစုပြီးနောက် ပုစွန်ထုပ်ကလေးများ ပေါက်ဖွားလာကြပါသည်။အများအားဖြင့် နွေဦးရာသီတွင် ပုစွန်ထုပ်လေးများ ဥမှပေါက်လေ့ရှိကြပါသည်။ပေါက်ခါစတွင် ပုစွန်ထုပ်ကလေးများမှာ ၁ လက်မ ၄ ပုံ၁ပုံခန့်သာ အရှည်ရှိကြပါသည်။ ဦးခေါင်းကြီး၍ အမြီးငယ်သည်။ ထို့မှစ၍ ပုစွန်ထုပ်ကလေးများသည် အသက်ကြီးလာသည်နှင့် အမျှ တဖြည်းဖြည်း အရွယ်ကြီးလာပြီး အလေးချိန်လည်းစီးလာကြပါသည်။

## ပုစွန်သားလောင်း၏သဘာဝ

ပုစွန်သားလောင်းသည် မျှောလှေး(planktonic)ဖြစ်၍ ရေစီးနှင့်မျောပါရာတွင် အကြီးသည် အပေါ်ပိုင်းတွင်နေသည်။ သားလောင်းများအသက်ရှင်ရန်အတွက် ရေငန်လိုအပ်သဖြင့် ရေချိုတွင်ပေါက်သောသားလောင်းများ ရေငန်သို့ ရက်အနည်းငယ်အတွင်း မရောက်ရှိပါကသေဆုံးကြရသည်။သားလောင်းများအသက်ရှင် ကြီးထွားနိုင်ရေးတွင် ရေအငန်နှုန်း 8 ppt မှ 15 ppt အတွင်းယင်းအငန်နှုန်းဘောင်ပြင်ပသို့ ရောက်လျှင် ခံနိုင်မှုမရှိချေ။

ပုစွန်များသည် ကိုယ်ခန္ဓာကြီးထွားစေရန် အရေခွံလဲခြင်း ပြုလုပ်ရပြီး၊ သား လောင်းဘဝမှ သားပေါက်ဘဝပြောင်းလဲရန်အရေခွံလဲနှုန်း မြင့်မားသည်။ သက်ကြီးကောင်ဘဝတွင် အရေခွံလဲနှုန်း နည်းပါးသည်။ သားလောင်းဘဝမှ သားပေါက်ဘဝသို့ ပြောင်းလဲရန် သားလောင်းမွေးကန် (Hatchery) အတွင်း ရက်၃၀ မှ ၅၀ ရက်အထိ ကြာတတ်သည်။ ရေအခြေအနေ၊ အပူချိန်နှင့်အာဟာရပေါ်မူတည်ပြီး သားပေါက်မှု နှေးခြင်း ၊ မြန်ခြင်း ရှိတတ်သည်။

သဘာဝတွင် အသက်ရှင်နှုန်း






မှာ သုညဒသမ ၁ ရာခိုင်နှုန်းသာရှိပြီး သားပေါက်ဖြစ်စတွင် ပျမ်းမျှ အလေးချိန် သုညဒသမ ၀၁ ဂရမ်ရှိပြီး ပျမ်းမျှအရွယ်အစားမှာ သုညဒသမ ၆ စင်တီမီတာအရွယ် ရှိပါသည်။ အငန်နှုန်းရုတ်တရက်ပြောင်းလဲမှုကို ခံနိုင်သော်လည်းအပူချိန်ရုတ်တရက်ပြောင်းလဲမှု(Temperatuer Shock) လုံးဝခံနိုင်ခြေမရှိပါ။

## အစာစားခြင်း အလေ့အထ

ပုစွန်သားလောင်းများသည် အစာကိုဆက်တိုက်စားသောက်ကြသည်။ အဓိကအားဖြင့် အကောင်မျှောလှေး (zooplankton)၊ သေးငယ်သည့် တုပ်ပြားကောင်၊ သန်ကောင်များ (worms)နှင့် ရေနေကျောရိုးမဲ့သတ္တဝါများ၏ သားလောင်းများကို စားသောက်ကြသည်။

သားလောင်းအဆင့် ၁၁ ဆင့် ကူးပြောင်းကြီးထွားပြီး သားပေါက်အဆင့်သို့ ကူးပြောင်း၍ သက်ကြီးကောင်ကဲ့သို့ပင် အောက်ခြေတွင် တွားသွားသောအလေ့အထရှိလာသည်။ရေချိုပုစွန်ထုပ်ကြီး သားပေါက်သည် အငန်နှုန်း(saliny) ပြောင်းလဲမှုဒဏ်ကို ကြံ့ခိုင်နိုင်ရည်ရှိသည်။သားပေါက်များသည် ရေငန်မှ ရေချိုသို့ ဆန်တက်လာခြင်းကို သားပေါက်ဖြစ်သည့်နေ့မှ တစ်ပါတ်မှ နှစ်ပါတ်အရွယ်ရောက်သည်တွင် စတင်၍ ရေစီးကြမ်းသောဒီရေကို ဆန်တက်နိုင်ခြင်း၊ကမ်းနံဘေးရှိ ကျောက်ဆောင်၊ကျောက်ခဲများတွင် တွယ်၍ တွားသွားခြင်းဖြင့် ရေချိုဘက်သို့ ကူးပြောင်းလာကြသည်။ စွတ်စို၍ စိုထိုင်းမှုများသည့် ရာသီဥတုအခြေအနေတွင် ပုစွန်များသည် ကုန်းပေါ်သို့ ဖြတ်တက်လာကြ၍ လှုပ်ရှားမှုရှိကြသည်။

သက်ကြီးကောင်ပုစွန်များသည် အစုံစားသတ္တဝါဖြစ်၍ ၄င်းတို့သည် ရေနေအင်းဆက်ပိုးများ၊ ၄င်းတို့၏ သားလောင်းများ၊ ရေညှိ ရေမှော်၊ အစေ့အဆံ၊ အသီး၊ ကျောရိုးမဲ့ရေသတ္တဝါငယ်လေးများနှင့် အခွံမာရေသတ္တဝါများကို စားသောက်ကြသည်။ထို့ပြင်၄င်းတို့သည် အချင်းချင်း စားသောက်သည့်အလေ့အထလည်း ရှိကြသည်။

## အထီး၊အမ ခွဲခြားခြင်း

ရေချိုပုစွန်ထုပ်ကြီး အထီးများသည် ကြီးထွားမှုပိုမိုကောင်းမွန်သောကြောင့် အသက်တူ အမများထက် ၂၀ မှ ၃၀ အထိ ပို၍ကြီးထွားနိုင်ပါသည်။ အထီးနှင့် အမများ၏ကွဲပြားသောလက္ခဏာများအနက် အထီး၏ဒုတိယလမ်းလျှောက် ခြေထောက်သည် အမမှာထက် ပို၍ရှည်လျားခြင်း၊အထီးများ၏ ပဉ္စမလမ်းလျှောက်ခြေထောက် ၂ ခုသည် အရင်း၌ ပူးကပ်နေသော်လည်း အမများ၏ ၄င်းခြေထောက်၂ခု ကြား၌ ကွက်လပ်ဖြစ်နေခြင်းတို့မှာ သိသာထင်ရှားသော လက္ခဏာများ ဖြစ်ပါသည်။

## ပုစွန်ထုပ်စားဖွယ်စုံ

ပုစွန်ထုပ်ကို ပုစွန်ထုပ်ဆီပြန်ဟင်း၊ ပုစွန်ထုပ်ထုပ်ကင်၊ ပုစွန်ထုပ်ပေါင်း၊ ပုစွန်ထုပ်ကုန်းဘောင်၊ ပုစွန်ထုပ်သုပ်၊ ပုစွန်ထုပ်တန်ပူရာ၊ ပုစွန်ထုပ်အချိုချက်/အစပ်ချက် စသည့်ဟင်းလျာများမှာ နာမည်ကြီးပြီး ပင်လယ်စာထမင်းကြော်/ခေါက်ဆွဲကြော်၊ မာလာရှမ်းကော/မောက်ချိုက်၊ hot pot၊ ပင်လယ်စာပီဇာ စသည်တို့တွင်လည်း ထည့်သွင်းစားသုံးကြသည်။

## ပုစွန်ထုပ်အသုံးဝင်ပုံ

ပုစွန်အမျိုးမျိုးကို လူတို့သည် ဟင်းလျာအလို့ငှာ ဖမ်းယူကြသည်။ အများအားဖြင့် လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားသောက်သော်လည်း အနောက်နိုင်ငံများတွင် စည်သွတ်၍ ရောင်းချကြသည်။ မြန်မာနိုင်ငံတွင် ပုစွန်ဖြင့် ငါးပိလုပ်ကြသေးသည် မှျင်ခေါ် အလွန်သေးငယ်သည့် ပုစွန်ကလေးဖြင့် ပြုလုပ်သည်။ ထိုမှျင်ငါးပိသည် အလွန်ထင်ရှားသည်။ ပုစွန်ဦးခေါင်းမှ ရရှိသည့် အဆီသက်သက်ကိုလည်း ချက်၍ ဟင်းလျာတမည်အဖြစ် စားသုံးကြသည်။ ပုစွန်ပေါသည့် မြစ်ဝကျွန်းပေါ်ဒေသတွင် ပုစွန်ဥများကို သက်သက်ထုတ်၍ ရောင်းချကြသည်။

ရေချိုပုစွန်ထုပ်ကို မြန်မာနိုင်ငံရှိ ရေချို၊မြစ်ချောင်း၊အင်းအိုင်များတွင် ပိုမိုရမိတတ်ကြပြီး တော်သလင်း၊ သီတင်းကျွတ်၊တန်ဆောင်မုန်းလများ၌ ပိုမိုရမိကြောင်းသိရသည်။

ပုစွန်ထုပ်မှာ လေထိုး၊ လေအောင့် လေနာသည်များအတွက် ကောင်းကျိုးပြုသည်ဟု မှတ်ရဖူးပါသည်။

## ပုစွန်ထုပ်စားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူး

ရေချိုပုစွန်ထုပ်တွင် Selenium ဓာတ်၊ ဗီတာမင် B-12 ၊ ပရိုတင်း ၊ Phosphorus ၊ ကလိုရင်း၊ ကော့ပါး၊ အိုင်အိုဒင်း၊ ဗီတာမင် B-3 ၊ ဇင့်၊ ဗီတာမင် E၊ ဗီတာမင် B6၊ Omega-3 အဆီဓာတ်၊ Pantothenic အက်

စာ-၁၅ သို့

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၁၇)

## ဖိလစ်ပိုင်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ

## ဖိလစ်ပိုင်တက္ကသိုလ်၊ လော့ဘားညို့စ်

ဒေါက်တာမျိုးကြွယ်

(ယခင်အပတ်မှအဆက်)

**(D)** စီးပွားရေးနှင့်စီမံခန့်ခွဲမှုပညာ ကောလိပ် (College of Economics and Management) က

(က)သိပ္ပံဘွဲ့ (စိုက်ပျိုးစီးပွားရေးနှင့် အသုံးချစီးပွားရေးပညာ) BS (Agricultural and Applied Economics)
(ခ) သိပ္ပံဘွဲ့ (စီးပွားရေးပညာ) BS (Economics)
(ဂ) သိပ္ပံဘွဲ့ (စိုက်ပျိုးရေးဆိုင်ရာကုန်သန်းရောင်းဝယ်ရေးနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်း ပညာ) BS (Agribusiness Management and Entrepreneurship) ဘွဲ့ပေးပါသည်။

**(E)** အင်ဂျင်နီယာနှင့်စိုက်ပျိုးရေး ထုတ်ကုန်လုပ်ငန်းကောလိပ် (College of Engineering and Agro-Industrial Technology) မှ
(က) သိပ္ပံဘွဲ့ (စိုက်ပျိုးရေးအင်ဂျင်နီယာနှင့် ဇီဝစနစ်အင်ဂျင်နီယာပညာ) BS (Agricultural Engineering and Biosystems Engineering)

စိုက်ပျိုးရေးအင်ဂျင်နီယာ ဘွဲ့သင်တန်းများကိုတော့ မြန်မာနိုင်ငံ နည်းပညာတက္ကသိုလ်များတွင်ဖွင့်လှစ်ပြီး ဒုတိယ၊ တတိယနှစ်တန်းအထိ ရောက်နေပြီဟု ထင်ပါသည်၊ စိုက်ပျိုးရေးအင်ဂျင်နီယာနှင့် ဇီဝစနစ်အင်ဂျင်နီယာပညာ ဘွဲ့လွန်သင်တန်းများကိုတော့ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် အပါအဝင် မဖွင့်လှစ်နိုင်သေးပါ။ အလွန်နောက် မကျခင် အလျင်အမြန် သုတေသနများ စွာပြုလုပ်ပြီး ဘွဲ့လွန်သင်တန်းများ၊ တောင်သူလယ်သမားကြီးများ၏ စက်မှုလယ်ယာ၊ ကြိတ်ခွဲမှု ပြဿနာ အခက်အခဲများကို အခြေခံသော ဘွဲ့လွန် သုတေသနများစွာ ပြုလုပ် သင့်ပါပြီ။

(ခ) သိပ္ပံဘွဲ့ (စက်မှုလုပ်ငန်းဆိုင်ရာ အင်ဂျင်နီယာပညာ) BS (Industrial Engineering)
(ဂ) သိပ္ပံဘွဲ့ (မြို့ပြအင်ဂျင်နီယာပညာ)
BS (Agricultural Engineering and Biosystems Engineering)
(ဃ) သိပ္ပံဘွဲ့ (စက်မှု အင်ဂျင်နီယာပညာ) BS (Industrial Engineering)
(င) သိပ္ပံဘွဲ့ (ဒြပ်ပစ္စည်းဆိုင်ရာ အင်ဂျင်နီယာပညာ) BS (Materials Engineering)
(စ) သိပ္ပံဘွဲ့ (ဓာတု အင်ဂျင်နီယာပညာ) BS (Chemical Engineering) နှင့်
(ဆ)သိပ္ပံဘွဲ့(လျှပ်စစ် အင်ဂျင်နီယာပညာ) BS (Electrical Engineering) စသည့်ဘွဲ့များ ပေးပါသည်။

**(F)** သစ်တောနှင့်သဘာဝသယံဇာတကောလိပ် (College of Forestry and Natural Resources)၊ က
(က) သိပ္ပံဘွဲ့ (သစ်တောပညာ) BS (Forestry) ပေးပါသည်။

**(G)** လူမှုဘဝပညာကောလိပ် (College of Human Ecology) မှ
(က) သိပ္ပံဘွဲ့ (အာဟာရဓာတ်ပညာ) BS (Nutrition) (ကျွန်တော်တို့နိုင်ငံတွင် အထူးပြု ဘွဲ့ မပေးနိုင်သေးပါ) နှင့်
(ခ) သိပ္ပံဘွဲ့ (လူမှုဘဝပညာ) BS (Human Ecology) ပေးပါသည်။
(ကျွန်တော် တို့နိုင်ငံတွင် အထူးပြုဘွဲ့ မပေးနိုင်သေးပါ)။

**(H)** လူထုဆက်ဆံရေးပညာကောလိပ် (College of Public Affairs) မှ
(က) သိပ္ပံဘွဲ့ (လူထုဆက်ဆံရေးပညာ) BS (Public Affairs) နှင့်
(ခ) သိပ္ပံဘွဲ့ (ဖွံ့ဖြိုးမှုဆိုင်ရာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးပညာ) BS (Development Management and Governance) ဘွဲ့ပေးပါသည်။
(ကျွန်တော်တို့နိုင်ငံ စီးပွားရေး တက္ကသိုလ်များတွင်တော့ ဘွဲ့ပေးနေလျက်ရှိပြီး စိုက်ပျိုးမွေးမြူရေး အခြေခံ ဘာသာရပ် များတော့ နည်းနေသေးသည်ဟူ၍ ထင်ပါသည်။

**(I)** မွေးမြူကုသရေးဆိုင်ရာ ဆေးပညာကောလိပ် (College of Veterinary Medicine) မှ
(က) မွေးမြူကုသရေး ဒေါက်တာဘွဲ့ DVM (Doctor of Veterinary Medicine)ဘွဲ့ပေးပါသည်။

**(J)** ပတ်ဝန်းကျင်သိပ္ပံနှင့် အုပ်ချုပ်မှု နည်းပညာသင်တန်းကျောင်း (School of Environmental Sciences and Management) မှ
(က) သိပ္ပံဘွဲ့ (ပတ်ဝန်းကျင်သိပ္ပံ) BS (Environmental Science) ဘွဲ့ပေးပါသည်။

**(K)** ဘွဲ့လွန် အဆင့်မြင့်သင်တန်းကျောင်း (Graduate School) (ကျွန်တော်တို့နိုင်ငံရှိ မည်သည့်တက္ကသိုလ် မှာမှ မရှိသေးပါ) မှဘွဲ့လွန် သင်တန်းများ (မဟာသိပ္ပံ၊ ပါရဂူဘွဲ့) ကို ကြီးကြပ်ဆရာ (Graduate Supervisors) ၇၀၀-ဦးမှနေ၍ စနစ်တကျ စုစုစည်းစည်းဖြစ်အောင် စီမံအုပ်ချုပ်ပေးသော သင်တန်းကျောင်းဖြစ်ပါသည်။ ကျွမ်းကျင်ပညာရှင် ခေါင်းဆောင်ကောင်း (Good Professional Leaderships) ဖြစ်အောင်လေ့ကျင့်ပေး ရာတွင် အိုင် ၄-လုံး (4-I)တီထွင်ဖန်တီးနိုင်မှု (Innovation)၊ ဘာသာရပ်ပေါင်းစုံ ချဉ်းကပ် လေ့လာနိုင်မှု (Inter-disciplinary Approach)၊ အပြည်ပြည်ဆိုင်ရာ သုတေသနများ ပူးတွဲလုပ်ဆောင်နိုင်မှု (Internationalization) နှင့် အားလုံးပူးပေါင်းပါဝင်နိုင်မှု (Inclusive Development) တို့ဖြင့် အနာဂတ်ကို စနစ်တကျ ရှေ့နေပါသည်။

တက္ကသိုလ်၏စုစုပေါင်းအကျယ်အဝန်းမှာ၁၄၆၆၅-ဟက်တာ (ဧကပေါင်း ၃၆၂၄၀- ဧက) ရှိပါသည်။ တက္ကသိုလ်ပိုင်မြေမှ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန၊ (International Rice Research Institute – IRRI တက္ကသိုလ်ဝင်းအတွင်း ကပ်လျက်ရှိပါသည်)သို့ ငှားရမ်း၍ နှစ်စဉ် တက္ကသိုလ်ဝင်ငွေ များစွာရလျက်ရှိနေပါသည်။ (ကျွန်တော် တို့နိုင်ငံ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၏ မြေယာအကျယ်အဝန်းနှင့် နှိုင်းယှဉ်နိုင်ပါသည်)။

### (၁၄-ခ) ဗီဆာရာပြည်နယ်တက္ကသိုလ် (Visaya State University)

ကျွန်တော်တို့ လေ့လာခဲ့ရသော တက္ကသိုလ် နောက်တစ်ခုမှာ ဗီစာရာအရှေ့ဒေသ (Eastern Vesayas Region) လေတီးပြည်နယ် (Leyte Province) ရှိ ဘေးဘေးမြို့ (Bay Bay City) တွင်ရှိသော ဗီဆာရာပြည်နယ်တက္ကသိုလ်သို့ ဒေသတွင်းလေယာဉ် (Domestic Flight) ဖြင့် မနီလာမှ တခြား လေးတီးကျွန်း (Leyte Island) ရှိ တက်ကလိုဘန်မြို့ (Tacloban) တစ်နာရီကျော်ကြာ စီးပြီးမှ တစ်ဖန် တက်ကလိုဘန်လေဆိပ်မှ တက္ကသိုလ် ရှိရာ ဘေးလေးမြို့ (Bay Bay City) သို့ တစ်နာရီခွဲခန့် ကားစီးပြီးသွားရပါသည်။



ကျွန်တော်တို့အဖွဲ့လေ့လာရေး၊ ဗီဆာရာပြည်နယ်တက္ကသိုလ်၊ ဘေးဘေးမြို့

သူတို့နိုင်ငံအနေအထားအရ ကျွန်းများစွာ တည်ရှိနေသော ပြည်နယ်/နယ်ပယ် (Province) များအလိုက် တက္ကသိုလ်များ တည်ထောင်ထားပါသည်။ ဗီဆားရားပြည်နယ် တက္ကသိုလ် တွင် ကောလိပ် ၈ ကျောင်းရှိပါသည်-

(က) စိုက်ပျိုးမွေးမြူရေးနှင့် အစားအသောက်သိပ္ပံကောလိပ် (College of Agriculture and Food Science)
(ခ) ပညာရေးကောလိပ် (College of Education)
(ဂ) အင်ဂျင်နီယာနှင့်နည်းပညာကောလိပ် (College of Engineering and Technology)
(ဃ) သစ်တောနှင့်ပတ်ဝန်းကျင်သိပ္ပံကောလိပ် (College of Forestry and Environmental Science)
(င) စီးပွားရေးနှင့်စီမံခန့်ခွဲမှုပညာကောလိပ် (College of Management and Economics)

စာ-၁၁ သို့

စာ-၁၀ မှ

(စ) သူနာပြုကောလိပ် (College of Nursing)
(ဆ) မွေးမြူရေးဆိုင်ရာဆေးပညာကောလိပ်
(College of veterinary Medicine)
(ဇ) ဝိဇ္ဇာနှင့်သိပ္ပံပညာကောလိပ် (College of Arts and Sciences) တို့ဖြစ် ပါသည်။ ထိုကျွန်းရှိသော ပြည်နယ်ကလေးအတွက် ဘာသာရပ်ပေါင်းစုံသင်တက္ကသိုလ် (Comprehensive University) တိုင်းအဆင်သင့်ရှိနေပါသည်။ ကျွန်တော်တို့နိုင်ငံရှိ တိုင်း ရင်းသားညီအကို မောင်နှမများနေထိုင်သော ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ပြည်နယ်များတွင် ဤကဲ့သို့ ဘက်စုံပညာသင်တက္ကသိုလ် အနည်းဆုံး တစ်ကျောင်းစီတော့ ရှိသင့်ပါသည်။

(က) စိုက်ပျိုးမွေးမြူရေးနှင့်အစားအသောက်သိပ္ပံကောလိပ်အောက်တွင် -
(က-၁) စိုက်ပျိုးရေးပညာနှင့်တောင်သူပညာပေးဌာန
(Department of Agricultural Education and Extension)
(က-၂) လယ်ယာသီးနှံဌာန (Department of Agronomy)
(က-၃) မွေးမြူရေးသိပ္ပံဌာန (Department of Animal Science)
(က-၄) ဖွံ့ဖြိုးရေးဆိုင်ရာဆက်သွယ်ရေးဌာန
(Department of Development Communication)
(က-၅) အစားအသောက်သိပ္ပံနှင့်နည်းပညာဌာန
(Department of Food Science and Technology)
(က-၆) ဥယျာဉ်ခြံသီးနှံဌာန (Department of Horticulture)
(က-၇) ဖျက်ပိုး၊ရောဂါ၊ ပေါင်းများစီမံခန့်ခွဲမှုဌာန (Department of pest Management)
(က-၈) အပင်မျိုးမွေးမြူရေးနှင့်ဗီဇဗေဒဌာန
(Department of Plant Breeding and Genetics) နှင့်
(က-၉) မြေဆီလွှာသိပ္ပံဌာန (Department of Soil Science) တို့ရှိပါသည်။

## ကျွန်တော်တို့နိုင်ငံအတွက်အတုယူစရာများ (Lessons Learned)

(၁) ဖိလစ်ပိုင်နိုင်ငံတွင်မြို့တော်မနီလာတွင်သာမက ကျွန်းစုကလေးများဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးနေသောဘက်စုံသင်တက္ကသိုလ်များ (Comprehensive Universities) ရှိသလို ကျွန်တော်တို့နိုင်ငံ တိုင်းရင်းသားညီအကို မောင်နှမများနေထိုင်သော ပြည်နယ်များတွင် ဘာသာရပ်ပေါင်းစုံသင်ကြားပေးသင့်ပါသည်။ တက္ကသိုလ် အသစ်ထပ်မံဆောက် လုပ်ရန်မလိုဘဲ ရှိပြီးသား တက္ကသိုလ်များထဲမှ အသင့်တော်ဆုံး၊ သက်တမ်းရင့်တက္ကသိုလ်တစ်ကျောင်းကျောင်းတွင် ဆေးပညာ၊ သူနာပြုပညာကအစ စိုက်ပျိုးရေးပညာအဆုံးသင်ကြားပေးသင့်ပါသည်။ကျွန်တော်တို့၏အခက်အခဲတစ်ခုမှာ၁၉၉၃-ခုနှစ်လောက်က စတင်လိုက်သော ဝန်ကြီးဌာန အသီးသီးက တက္ကသိုလ်များကို စီမံကွပ်ကဲနေကြသဖြင့် (Centralized Management System) ၁၉၆၂-ခုနှစ် မတိုင်ခင်က နာမည်ကြီး ရန်ကုန် တက္ကသိုလ် (Reputable and Flagship University) ဘဝသို့ ပြန်ရောက်အောင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်များ (Autonomous Universities) ဘဝပြန်ရောက် အောင် မူဝါဒများ ချမှတ်သင့်ပါသည်။

(၂) ဖိလစ်ပိုင်တက္ကသိုလ်၊လော့ဘာညိုး (University of Philippines, Los Banos - UPLB) တွင် ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များ သင်ကြားသော ကောလိပ် (College of Arts and Sciences) အောက်ဌာနများ အပြောင်းအလဲဖြစ်ပြီး အောက်ပါအတိုင်း ဇီဝသိပ္ပံဌာနကြီး (Institute of Biological Sciences)၊ ဓာတုဗေဒဌာနကြီး (Institute of Chemistry)၊ ကွန်ပျူတာသိပ္ပံဌာနကြီး (Institute of Computer Science)၊ သင်္ချာ သိပ္ပံ နှင့်ရူပဗေဒ ဌာနကြီး (Institute of Mathematical Sciences and Physics)၊ စာရင်းအင်းပညာဌာနကြီး (Institute of Statistics)၊လူမှုဘာသာရပ်ဌာန (Department of Humanities)၊ လူမှုရေးသိပ္ပံဌာန (Department of Social Sciences)၊ လူသားစွမ်းအင်ဌာန (Department of Human Kenetics)၊ တက္ကသိုလ်ကျေးလက်အထက်တန်းကျောင်း (UP Rural High School) စသည်ဖြင့် ဌာနကြီးများ/ဌာနများ အဖြစ်ပြောင်းလဲသွားကြပါသည်။

ဗီဆာရာတက္ကသိုလ် (Visayas State University – VSU) ရှိဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် များကို သင်ကြားသော ကောလိပ်တွင် သင်္ချာ၊ရူပဗေဒ၊ဓာတုဗေဒ၊ ဇီဝသိပ္ပံ၊ ဇီဝနည်းပညာ၊ စာရင်းအင်းပညာ၊ ဘာသာစကားနှင့် ဒဿနိက၊ လူမှုရေးသိပ္ပံဘာသာရပ်များ သာရှိတော့ ပါသည်၊ တစ်နည်းအားဖြင့် ဆေးနှင့်သူနာပြုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ အင်ဂျင်နီယာ၊ ပညာရေးစသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များအတွက် သုတေ သန ပိုမိုအားကောင်းစေမည့် အခြေခံသိပ္ပံ ဘာသာရပ်များ နှစ်စဉ်နီးနီးပြောင်းလဲ သင်ကြား သုတေသနပြုနေပါသည်။ မြန်မာနိုင်ငံ အသက်မွေဝမ်းကျောင်းတက္ကသိုလ်အများစုတွင်ရှိသော ဝိဇ္ဇာ၊ သိပ္ပံဌာနများမှာ ၁၉၆၄-စနစ်သစ် တက္ကသိုလ်များကို ဘာသာရပ် တစ်ခုချင်းအလိုက် ခွဲခြားခဲ့မှုအရ အထောက်အကူပြုဌာနငယ် (Supporting Departments) ကလေးများသာဖြစ်နေ၍ ဥပမာ - စိုက်ပျိုးရေးပညာရပ်အတွက် အပင် ဇီဝကမ္မဖြစ်စဉ် (Plant Physiological Mechanisms) ကို ရုက္ခဗေဒဌာနမှ ပါမောက္ခအဆင့် အပင်ဇီဝကမ္မဗေဒပညာရှင်များ (Plant Physiologists) က အတူတူသုတေသနလုပ်၊ အဖြေရှာဖို့မှာ မဖြစ်နိုင်တော့ပါ။ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်ဘွဲ့ပေးသော တက္ကသိုလ်များ မှာလည်း အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ မရှိသဖြင့် တောင်သူဦးကြီးများ ဘာပြဿနာ ဖြစ်နေသည်ကို စိုက်ပျိုးရေးပညာရှင်များနှင့် တွဲဖက်လုပ်ဆောင်ရင်း သိရှိမှသာ အခြေခံသိပ္ပံ သုတေသနများ (Basic/ Academic Scientific Research) တွဲဖက်လုပ် ဆောင်ရင်း နိုင်ငံတော် စိုက်ပျိုး၊ မွေးမြူရေး ဆိုင်ရာ အသုံးချသုတေသနများ (Applied Research for Agricultural Problems) ပြုလုပ်ရင်း ဖြေရှင်း ပေးနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။




**ဒေါက်တာမျိုးကြွယ်**

(မှတ်ချက် - (UPLB) ယူပီအယ်လ်ဘီ တက္ကသိုလ်မှ ဘွဲ့ရမြန်မာကျောင်းသား၊ကျောင်းသူ များစွာရှိပါသည်၊ ကျွန်တော် မရေတွက်နိုင်ပါ၊ ၁၉၈၂-ခုနှစ်လောက်အထိ မြန်မာနိုင်ငံ အစိုးရမှ မဟာသိပ္ပံ သင်တန်းသာခွင့်ပြု၍ တစ်ချို့ပါရဂူသင်တန်းဆက်တက်ရင်း ပြန်မလာတော့ပါဟု ဘွဲ့ရကျောင်းသားဟောင်း တစ်ဦးဖြစ်သော ဒေါက်တာမင်းအောင် (အငြိမ်းစား အထွေထွေမန်နေဂျာ၊ စိုက်ပျိုးရေးဦးစီးဌာန) ကပြောပါသည်၊ နောက်ပိုင်း ပါရဂူဘွဲ့ရသူဒုဝန်ကြီး (ငြိမ်း) ဒေါက်တာထွန်းဝင်း၊ ဒေါက်တာခင်မောင်သက်၊ ဒေါက်တာထက်ကြူ၊ လက်ရှိ စိုက်မွေးဆည်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တို့မှသည်ဒေါက်တာထွန်းရွှေ၊(ပညာရေးဝန်ကြီးဌာနမှဒေါက်တာစိုးစိုးအောင်၊ဒေါက်တာသန္တာအေး) ဒေါက်တာ ခင်စန်းနွဲ့၊ ဒေါက်တာနီနီတင့်၊ ဒေါက်တာခင်ညွန့်ရီ၊ ဒေါက်တာအေးအေးမြင့်၊ ဒေါက်တာမြတ်သူ၊ ဒေါက်တာမေသင်းခိုင်၊ ဒေါက်တာ မျိုး ကျော်သူ၊ ဒေါက်တာအေမီစိုး၊ ဒေါက်တာရီရီစိုး၊ဒေါက်တာကျော်ဝေနိုင်၊ဒေါက်တာစန္ဒာကျော်ဝင်း၊ ဒေါက်တာညိုမာထွေး၊ ဒေါက်တာအေးမင်း၊ဒေါက်တာဆွေဇင်မြင့်သိန်း၊ ဒေါက်တာမြတ်မိုးလှိုင်၊ ဒေါက်တာဟိန်းဇော်၊ ဒေါက်တာနှင်းဝါသိန်း၊ဒေါက်တာစောထိုလွီထူး၊ဒေါက်တာစိုးခိုင်၊ဒေါက်တာကျော်မင်းထွဋ်၊ဒေါက်တာဝင်းထိန်၊ဒေါက်တာထိန်လင်း၊ ဒေါက်တာမြင့်အေး၊ ဒေါက်တာစုလတ်ဖြူ၊ ဒေါက်တာပန်းအိဖြူ၊ဒေါက်တာယဉ်ယဉ်သန့်၊ ဒေါက်တာအိအိအောင်၊ ဒေါက်တာမို့မို့အေး၊ ဒေါက်တာမေရီကေခိုင်စိမ်း၊ဒေါက်တာကြူကြူသင်း၊ဒေါက်တာသိမ့်သိမ့်အောင်၊ဒေါက်တာ ယဉ်မွန်သူ၊ ဒေါက်တာစန္ဒာမိုး၊ ဒေါက်တာအိအိသိန်း၊ ဒေါက်တာခင်သန္တာဦး၊ ဒေါက်တာ စန်းလှထွေး၊ ဒေါက်တာ ကေသီခိုင်၊ ဒေါက်တာဇင်မာ၊ ဒေါက်တာဇင်မာလွင်၊ ဒေါက်တာ သူဇာ၊ ဒေါက်တာ ဖြိုးလပြည့်ဝင်း၊ ဒေါက်တာ ခင်နှင်းယု၊ ဒေါက်တာခင်ပြုံးနွယ် စသည်တို့ ဖြစ်ပါသည်၊ ပါရဂူဘွဲ့ရသူ ကျန်သွားသည်များရှိပါဦးမည်၊ (ခွင့်လွှတ်ပေးပါရန်) မဟာစိုက်ပျိုးရေးသိပ္ပံဘွဲ့ရသူများကတော့ များပြားလွန်း၍ မရေတွက်နိုင်တော့ပါ)

(ဆက်လက်ဖော်ပြပါမည်)

www.agribiznews.com.mm နှင့်
ePaper တို့တွင်
ကြော်ငြာများထည့်သွင်းနိုင်ပါပြီ

## ဆန်

ဆန်စပါးကုန်စည်ဒိုင် ဝါးတန်းလမ်းတွင် ထုတ်ပြန်ထားသော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းအလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဖျာပုံပေါ်ဆန်းအလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၁၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ပေါ်ကွဲဆန်အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်ယာဆန်အလတ်စတစ် တင်းခွဲတစ်အိတ်လျှင် ၇၉၀၀၀ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၇၈၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်းနှင့် ငစိန်ဆန်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၁၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ဆန်ဟောင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်း၊ ဆန်သစ်များလည်းဝင်ရောက်မှုရှိခြင်း၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် ရိတ်သွင်းစရိတ်များမြင့်ကာ ရေကြီးနစ်မြုပ်မှုများကြောင့် စိုက်ပျိုးထွက်ရှိမှုနည်းခဲ့သော်လည်း ဈေးကွက်သို့ ကုန်အဝင်ပုံမှန်ရှိခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်း/ပြည်ပမှဝယ်လိုအားပုံမှန်ရှိခြင်းကြောင်းလည်းကောင်း၊ဆန်ဈေးနှုန်း အများစုမှာယခင်ရက်သတ္တပတ် နည်းတူ ဈေးနှုန်းအမြင့်တွင် တည်ငြိမ်နေခဲ့ခြင်းဖြစ်သည်။ ပြည်ပပို့ ဆန်ဈေးနှုန်းများလည်း တည်ငြိမ်နေခဲ့ပြီး ပုံမှန်တင်ပို့မှုရှိကြောင်းသိရသည်။ ပြင်ပရိုလက်လီဈေးကွက်တွင်လည်း အရည်အသွေး ပိုမိုကောင်းမွန်သော ဆန်များအား သတ်မှတ်ဈေးနှုန်းများထက် ပိုမိုသော ဈေး နှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင် ရောက်မှုရှိခဲ့ပြီး စားသုံးသူများမှ ပုံမှန်ဝယ်ယူမှုရှိခဲ့ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများမှာ နယ်စပ်ဂိတ်များမှ တင်ပို့မှုမရှိသလောက်နည်းခြင်း၊ လှောင်လက်များမှ ဝယ်ယူမှုနည်းခြင်း၊ ပြည်ပဝယ်လက်များမှ ဝယ်ယူမှုနည်းခြင်းတို့ကြောင့် ယခင်ရက်သတ္တပတ်များနည်းတူ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ရေကြီးနစ်မြုပ်မှုများကြောင့် စိုက်ပျိုးထွက်ရှိမှုအပေါ် ထိခိုက်ခြင်း၊ သွင်းအားစုနှင့် သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်ခဲ့ခြင်းကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ဈေးမြင့်လျက်ရှိသော်လည်း အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် နိုဝင်ဘာလပထမရက် သတ္တပတ်မှ စတုတ္ထရက်သတ္တပတ်တိုင်အောင် ၈၂၆၂၀ ကျပ်ဖြင့် ဈေးငြိမ်အရောင်းအဝယ်အေးခဲ့ ခြင်းဖြစ်သည်။

## စားဖိုဆောင်သီးနှံ

ရေတ်ခြောက်(ရှည်) မှာ ကုန်အဝင်ပိုလာသော်လည်း စားသုံးသူများမှ ဝယ်လိုအားများခြင်း ကြောင့် ယခင်ရက်သတ္တပတ်ဈေးနှုန်းများဖြင့်သာ ရောင်းဝယ်လျက်ရှိပြီး ကုန်အဝင်အလွန်နည်း သော ရေတ်ခြောက်(လတ်)မှာ ယခင်အပတ်ထက် သိသာစွာ ဈေးမြင့်လာခဲ့သည်။ ရေတ်ခြောက်(ပွ) မှာမူ ကုန်အဝင်နည်းသော်လည်း ဝယ်လိုအားနည်းခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်အေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ပန်းရဲ၊ မြားနီ၊ ပန်းတနော်၊ မိုးထောင်(မြစ်ဝ)၊ ဆင်ဖြူကျွန်း(ပု)၊ မြစ်ဝ(ပု) ရေတ်များ ဝင်ရောက်မှုရှိပြီး အအေးခန်းလှောင်ရေတ်များလည်းဝင်ရောက်မှုရှိခဲ့ခြင်းဖြစ်သည်။ စားသုံးသူများမှာမူ ကြိုက်နှစ်သက် မှုထက် ဈေးနှုန်းချိုသော ရေတ်ခြောက်(ရှည်)အမျိုးအစားများကိုသာ ဝယ်ယူမှုများခဲ့ခြင်းဖြစ်သည်။ ကြက်သွန်နီ(ထူး၊လတ်၊သေး)မှာပြည်ပသို့တင်ပို့မှုနည်းခြင်း၊ အဟောင်းလက်ကျန် များအရည်အသွေး နိမ့်လာခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ရန်ကုန် ဈေးကွက်သို့ မြင်းခြံ၊ ဆိတ်ဖြူ၊ မုံရွာ၊ ပခုက္ကူ ၊ တောင်သာဒေသများမှ ကုန်ဝင်ရောက်မှုရှိခဲ့ခြင်း ဖြစ်သည်။ ကြက်သွန်နီ(ထူး၊လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၄၀၀၀-၃၅၅၀-၂၅၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၄၂၅-၃၀၅၀-၂၀၅၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ကြက်သွန်ဖြူ (ရှမ်း) မှာ ဈေးကွက်သို့ ကုန်အဝင် ပုံမှန်ရှိသော်လည်း မျိုးအဖြစ် ဝယ်ယူချိန်ဖြစ်ခြင်း တို့ကြောင့် စိုက်ပျိုးထွက် ရှိရာဒေသများတွင် ဈေးမြင့်လာခြင်း၊ စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်ရက် သတ္တပတ်နည်းတူ ဈေးနှုန်းအမြင့်တွင် တည်ငြိမ်လျက်ရှိသည်။ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၁၃၇၅၀ ကျပ်ဖြစ်သည်။ တရုတ်အာလူးဈေးနှုန်းမှာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုနည်းခဲ့ ခြင်းကြောင့် ဈေးမြင့်ခဲ့ရာမှ စားသုံးသူများ ဝယ်ယူစားသုံးမှု နည်းလာခဲ့ခြင်းကြောင့် ယခင်အပတ်ထက် ဈေးနိမ့်လာခဲ့သည်။ အာလူး(တရုတ်) တစ်ပိဿာလျှင် ယခင် အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၉၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၉၀၀ ကျပ်သို့ ရောက်ရှိ ဈေးနိမ့်ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၂၈၀ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၂၆၅ ကျပ်ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရိုလက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာမကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်း ရောင်းချလျက်ရှိပြီး အချို့သော မြို့နယ်များတွင် စားအုန်းဆီတစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၅၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**




၂၆-၁၁-၂၀၂၄ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

စာ-၁၃ မှ

ခြင်းကြောင့် ပန်းမုံလာတစ်ပွင့် ၂၀၀၀ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၂၀၀၀မှ ၂၅၀၀ ကျပ်ထိ ဈေးမြင့် နေသည်။

## ကျွဲနှင့်အစေ့ထုတ်ပြောင်း

ကျွဲ အသစ်မဝင်သေးခြင်း လက်ကျန်နည်းခြင်းကြောင့် ကျွဲစက်များ အဝယ်နည်းသော်လည်း ငါန်ဇွန်း၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင်တို့မှ ကျွဲများမှာ ၃တင်းတစ်အိတ် အရည်အသွေး အကောင်းဆုံး ၂၁၀၀၀၀ကျပ်၊ ရှမ်းကျွဲ ၁၈၀၀၀၀ကျပ်၊ ကြူကုတ်ကျွဲ ၃ တင်းတစ်အိတ် ၁၈၀၀၀၀ကျပ် ဖြစ် ဈေးတည် ငြိမ်နေသည်။

သြစတေးလျကျွဲမှုန့် ၁ပိဿာ ၃၇၀၀ကျပ်ဖြင့် လက်လီမုန့်လုပ်ငန်း သမားများ အဝယ်ရှိပြီး ကျွဲဖွဲ့တစ်ပိဿာ၁၂၀၀ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် ရာသီဥတုကြောင့် မိုးပြောင်းအဝင်နည်းခြင်း၊ ဆောင်း ပြောင်းစိုက်ပျိုးထားဆဲဖြစ်ခြင်း၊ ရန်ကုန်ဝယ်လက်၊ ယိုးဒယားဝယ်လက် အစာစပ်သမားဝယ်လက် များ ရုံဖန်ရံခါရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၇၇၀၀၀ကျပ်မှ ၇၉၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

**ခင်မေကြည်**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေးတို့မှ ၂၆-၁၁-၂၀၂၄ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်

ပွဲရုံများတွင် ဆန်သစ်မဝင်သေးခြင်း၊ အဟောင်းလက်ကျန်နည်းသော်လည်း နယ်ဝေးတင်ပို့ရမှုမရှိဘဲ မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရွှေဘိုပေါ်ဆန်းမှာ ရွှေဘိုဒေသတစ်ခုထဲမှ ထွက်ရှိသော ဆန်ဖြစ်ခြင်းကြောင့် အထွက်နည်း၊ အဝင်နည်း၊ လက်ကျန်နည်းခြင်းကြောင့် တစ်အိတ် ၁၆၀၀၀၀ ကျပ်မှ ၁၆၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ မနောသုခဆန်မှာလည်း မန္တလေးဝန်းကျင်မှ ထွက်ရှိသော ဆန်ဖြစ်သော်လည်း အသစ်မဝင်သေးခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧည့်ယာနှင့် ငစိန်ဆန်မှာ ရန်ကုန်ဈေးကွက်မှ တစ်ဆင့်ဝင်ရောက်သော ဆန်ဖြစ်ပြီး မြို့တွင်းသုံး နှင့်လုပ်ငန်းသမားအဝယ်နည်းသော်လည်း အသစ်မဝင်သေးသဖြင့် လက်ကျန်နည်းခြင်းကြောင့် ဧည့်ယာတစ်အိတ် ၉၀၀၀၀ကျပ် ငစိန်ဆန်တစ်အိတ် ၇၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ရောမင်းဆန်မှာလည်း အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံနှင့် ဆီ

မိုးမြေပဲအဝင်နည်းသေးခြင်း၊ အဟောင်းလက်ကျန်နည်းခြင်းကြောင့် လုပ်ငန်း သမားအဝယ်ပုံမှန်ရှိသော်လည်း မြေပဲ (လုံးဆန်) ၁၀၀ ပိသာ အရည်အသွေးအကောင်းဆုံး ၈၃၀၀၀၀ကျပ်မှ ၈၈၀၀၀၀ ကျပ်သို့ဈေးမြင့်သွားသည်။ မြေပဲ(ဆီဆန်)မှာလည်း ဆီစက်သမားအဝယ်များပြီး၊ မိုးမြေပဲအဝင်နည်းသေးခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ယခင်အပတ် ၈၀၀၀၀၀ကျပ်မှ ၈၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူမှာ လုပ်ငန်းသမား၊ တရုတ်ဝယ်လက် အခွံချွတ်သမားအဝယ်ရှိခြင်း တို့ကြောင့် ၄၅ ပိသာ အရည်အသွေးအကောင်းဆုံး ၃၉၀၀၀၀ ကျပ်မှ ၄၀၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး နှမ်းညိုမှာ အဝင်ပုံမှန်၊ ဆီစက်သမားပုံမှန်ရှိခြင်းကြောင့် ၄၅ပိသာ ၃၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းနက်ဈေးနှုန်းအနေဖြင့် မိုးနှမ်းအဝင်နည်းသေးခြင်း၊ လုပ်ငန်းသမား၊ တရုတ်ဝယ်လက် ရှိခြင်းကြောင့် ၄၅ပိသာ ၆၃၅၀၀၀ကျပ်မှ ၆၆၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပန်းနှမ်းနှင့် နေကြာမှာ အသစ်မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်း၊ ပဲဆီဈေး နိမ့်ခြင်းကြောင့် ပန်းနှမ်းနှင့် နေကြာဆီစက်သမားများအဝယ်နည်းခြင်းကြောင့် ပန်းနှမ်း ၄၅ပိသာ ၂၅၀၀၀၀ကျပ်၊ နေကြာ ၂၇ပိသာ ၂၀၀၀၀၀ကျပ်ဖြင့် ယခင်လအတိုင်းဈေးတည်ငြိမ်နေသည်။

စားသုံးဆီဈေးနှုန်းများမှာ ပဲဆီတစ်ပိသာ ၁၅၀၀၀ကျပ်၊ နှမ်းဆီ ၁၄၅၀၀ကျပ်၊ ပဲပုတ်ဆီ ၁၂၀၀၀ကျပ်၊ ပန်းနှမ်းဆီ ၁၄၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

နွားထိုးကြီး၊ မြစ်သားတို့မှ အသစ်အဝင်နည်းငယ်ရှိခြင်းကြောင့် ကြက်သွန်နီ(သစ်)အကြီး တစ်ပိသာ ၄၀၀၀ကျပ်၊ သေးတစ်ပိသာ ၁၅၀၀ ကျပ်၊ လက်ကျန်နယ်စုံအဟောင်းကြီး တစ်ပိသာ ၄၈၀၀ကျပ်၊ လတ်တစ်ပိသာ၄၅၀၀ကျပ်၊ သေးတစ်ပိသာ ၃၈၀၀ ကျပ်သို့ အနည်းငယ်ဈေးမြင့်သွားသည်။

ငရုတ်ခြောက် ဈေးနှုန်းအနေဖြင့် မိုးနှင့်ဆောင်းကြားကာလဖြစ်၍ ငရုတ်ခြောက် (ရှည်) တစ်ပိသာ ၁၆၀၀၀ကျပ် ငရုတ်ခြောက်(လတ်) တစ်ပိသာ အရည်အသွေးပေါ်မူတည်၍ ၁၀၀၀၀ကျပ်မှ ၁၅၀၀၀ကျပ်၊ ငရုတ်ခြောက်(ပွ) တစ်ပိသာ Aircon ဖြင့်ထားသော ဧရာဝတီတိုင်းမှ လာသော အသီးများဖြစ်၍ အရည်အသွေးကောင်းခြင်းကြောင့် တစ်ပိသာ ၃၀၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အသစ်အဝင်မရှိသဖြင့် လက်ကျန်အဟောင်းမှာ အရည်အသွေး ပေါ်မူတည်၍ တစ်ပိသာ ၂၀၀၀၀ကျပ်မှ ၂၅၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာလည်း ကြက်သွန်ဖြူ(တရုတ်)ဈေးမြင့်သဖြင့် မြို့တွင်းသုံးအဝယ်များခြင်းကြောင့် တစ်ပိသာ ၁၆၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ ကြက်သွန်ဖြူ(မြန်မာ) မှာ လက်ကျန်နည်းပစ္စည်းရှားခြင်းကြောင့် တစ်ပိသာ ၁၈၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။

တရုတ်အာလူးများ အသစ်မဝင်ဘဲ လက်ကျန်အဟောင်း များသာရှိခြင်းကြောင့် တစ်ပိသာ ၉၅၀၀ကျပ်ထိ ဈေးမြင့်နေပြီး အောင်ပန်းအာလူးမှာ အိုကေ တစ်ပိသာ ၈၅၀၀ကျပ်၊ အေဝမ်းတစ်ပိသာ ၈၀၀၀ကျပ် ဈေးရှိသည်။

## ပဲမျိုးစုံ

မတ်ပဲ အသစ်မဝင်သေးခြင်း၊ ရန်ကုန်ဝယ်လက်မရှိခြင်းကြောင့် ခွဲစက်သမားအဝယ်ပုံမှန်ရှိသော်လည်း၊ ၃တင်းတစ်အိတ် ၃၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြမ်နေသည်။ ပဲတီစိမ်း (အညာ)မှာ မိုးလက်ကျန်နည်းခြင်း၊ အသစ်အဝင်နည်းခြင်း၊ တရုတ်ဝယ်လက်ရှိခြင်းတို့ကြောင့်အရည်အသွေး အကောင်းဆုံး ၂၇၅၀၀၀မှ ၃၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ မိုးစိုက် အသစ်များမှာ အရည်အသွေး အကောင်းဆုံး ၂၇၀၀၀၀ကျပ် ဈေးရှိသည်။

ကုလားပဲ(လုံးဖြူကြီး)မှာ လက်ကျန်နည်းခြင်း၊ အသစ်မဝင်သေးခြင်း၊ လုပ်ငန်းသမား ပဲကြော်/လှော် သမားအဝယ်ရှိခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်မှ ယခု အပတ် ၃၀၇၀၀၀ကျပ်သို့ လည်းကောင်း၊ ကုလားပဲ(လုံးဝါကြီး)မှာ ခွဲစက်သမား အဝယ် နည်းခြင်းကြောင့် လက်ကျန်နည်းသော်လည်း ၃တင်းတစ်အိတ် ၂၈၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ လုံးဝါကြီး ဈေးတည်ငြိမ်သဖြင့် ခွဲခြမ်းမှာလည်း တစ်ပိသာ ၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

ပဲယင်း၊ မြေထောက်ပဲ၊ စားတော်ပဲ(ကျွန်း)တို့မှာ ပဲယင်းနှင့် မြေထောက်ပဲတို့မှာ အသစ် မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ပဲခွဲစက်နှင့် လုပ်ငန်းသမား အဝယ်နည်းသော်လည်း ပဲယင်း ၃တင်းတစ်အိတ် ၂၃၅၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့လည်းကောင်း မြေထောက်ပဲမှာ ပစ္စည်းရှားခြင်းကြောင့် ၃တင်းတစ်အိတ် ၃၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ စားတော် ပဲ(ကျွန်း )မှာ အသစ် မဝင်သေးခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၄၁၀၀၀၀ ကျပ်မှ ၄၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။


ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ အဝင်ပုံမှန်၊ ပဲကြော်လှော်သမား အဝယ်ပုံ မှန်ရှိခြင်းကြောင့် ပဲကြီး(ကြီး) ၃တင်းတစ်အိတ် ၃၀၀၀၀၀ကျပ်၊ ပဲကြီး(သေး) ၂၃၅၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေပြီး ထောပတ်ပဲ(ကြီး)မှာ လည်း အဝင်ပုံမှန် လုပ်ငန်းသမားပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ် အိတ် ၃၉၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဟင်းသီး/ရွက် နှင့် သစ်သီးဝလံ

ပန်းသီးအကြွပ် ၈ ပိသာ တစ်ခြင်း ၁၀၀၀၀၀ကျပ် တရုတ်စပျစ်သီး ၄ ပိသာတစ်ခြင်း ၇၀၀၀၀ကျပ်၊ လိမ္မော်သီး ၁၀၀ပိသာ ၇၀၀၀၀၀ကျပ်၊ ထောပတ်သီး ၁၂၀လုံးပါတစ်ခြင်း ၄၀၀၀၀ကျပ်၊ ဖရဲသီး အရည်အသွေးပေါ်မူတည်၍ အနိမ့်ဆုံး ၁၈၀၀ကျပ်မှ ၂၅၀၀ကျပ်၊ သင်္ဘောသီး တစ်လုံး ၂၀၀၀ကျပ်၊ ဈေးနှုန်းများဖြင့် ရွှေဘို၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ ညောင်ဦး စသော အမှာရှိသော မြို့များသို့ တင်ပို့သည်။

ဟင်းသီး/ရွက် ဈေးနှုန်းအနေဖြင့် ငရုတ်စို(ရှည်)များ သာစည်ဘက်မှ အဝင်များလာပြီး လုပ်ငန်းသမား အဝယ်သာရှိခြင်းကြောင့် တစ်ပိသာ ၅၅၀၀ကျပ်၊ ငရုတ်စို(လတ်) မုံရွာ၊ ချောင်းဦးမှ အထွက်နည်း ၊အဝင်နည်းခြင်းကြောင့် တစ်ပိသာ ၁၃၀၀၀ကျပ်ဖြင့် ငပိထောင်း၊ လက်ဖက်သမားများ ဝယ်ယူမှုရှိသည်၊ ပန်းပုံလာ၊ ဂေါ်ဖီထုတ်တို့မှာ အထွက်နည်းအဝင်နည်း

စာ-၁၂ သို့



# သဘာဝကပေးအစာနှင့်ဆေး

# စမုန်စပါး

**ကြေးမုံငယ်**

စမုန်စပါးပင်၏ အင်္ဂလိပ်အမည်မှာ Fennel Plant ဟု ခေါ်ဆိုသကဲ့သို့ Sweet cumin ဟု ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Foeniculum vulgare Mill ဖြစ်ပြီး မုန်လာဥနီ၊ တရုတ်နံနံ၊ နံနံပင်တို့နှင့် မျိုးရင်းတူသည့် Apiaceae တွင်ပါဝင်၏။ စမုန်စပါးဟုဆိုလိုက်လျှင် စိမ်းညိုဖန့်အရောင် သို့မဟုတ် အစိမ်းဖျော့ရောင်ရှိသော၊ စပါးစေ့ နှင့် ပုံစံခပ်ဆင်ဆင် တူသော၊ သင်းပျံ့သည့်မွှေးရနံ့ရှိသော အသီးလေးများကို ကွမ်းယာထဲတွင်လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင် မာဆလာကြိတ်သည့်အထဲတွင်ပါဝင်သည့် အမယ်တစ်မျိုးအနေဖြင့်လည်းကောင်း၊ အစာကြေ လျက်ဆားများ ဖော်စပ်ရာတွင်လည်းကောင်း အသုံးပြုကြသည်ဟု လူသိများကြ၏။ စမုန်စပါးပင်သည် မြေထဲ ပင်လယ်၏ ကမ်းရိုးတန်းဒေသမှ စတင်ကာ နောက်ပိုင်းတွင် နေရာဒေသအတော်များများတွင် အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ကမ်းပါးများအနီးရှိ ခြောက်သွေ့သောမြေများတွင် ကျယ်ကျယ်ပြန့်ပြန့် သဘာဝအတိုင်း ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်၏။ စမုန်ပင်သည် အပင်ငယ်မျိုးဖြစ်ပြီး အမြင့် ၃ ပေခန့် ထိ ရှင်သန်ကြီးထွား၏။ ပင်လုံးသေး၍ အခေါင်းပါ၏။ ရိုးတံမှ အကိုင်းအခက်ကလေးများ ထွက်၏။ အရွက်များမှာ နူးညံ့ပြီး သွယ်လျသော အမျှင်ကလေးများ ဖြစ်ကြပြီး သင်းပျံ့သော မွှေးရနံ့ရှိ၏။ အပွင့်များမှာ သေးငယ်၍ အဝါရောင်ရှိပြီး ထီးပုံသဏ္ဌာန် ပန်းခိုင်တွင်ပွင့်၏။ ထိုမှတစ်ဖန် ဘဲဥပုံသဏ္ဌာန် အသီးကလေးများ အစုလိုက်သီးကြ၏။ အသီး၏ အတွင်း၌ အစိမ်းရောင်အစေ့များရှိပြီး အချိန်ကြာသည့်အခါ အဝါရောင်အဖြစ် ပြောင်းလဲသွားကြ၏။ အစေ့မှာ မွှေးကြိုင်သော အနံ့ရှိ၏။ စမုန်စပါးပင်သည် မြန်မာနိုင်ငံ၏ အအေးပိုင်းဒေသတွင်သာမက အပူပိုင်းဒေသများမှာပါ ပေါက်ရောက်၏။ တောင်ပေါ်ဒေသတွင် အမြင့်ပေ ၆၀၀၀ အထိ ပေါက်ရောက်နိုင်၏။

လတ်ဆတ်သောစမုန်စပါးပင်တွင် အစာစွမ်းအင်ကယ်လိုရီ ၂ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ၂ ရာခိုင်နှုန်း၊ ပရိုတင်း ၂ ရာခိုင်နှုန်း၊ ကြေလွယ်အမျှင် ၁၂ ရာခိုင်နှုန်း၊ ဗီတာမင်စီ ၂၀ ရာခိုင်နှုန်း၊ ဖိုလိတ်ခာတ် ၇ ရာခိုင်နှုန်း၊ ဗီတာမင်အေ ၃ ရာခိုင်နှုန်း၊ နိုင်ရာစင် ၃ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁၂ ရာခိုင်နှုန်း၊ မဂ္ဂနိစ် ၁၀ ရာခိုင်နှုန်း၊ ကယ်လ်စီယမ် ၅ ရာခိုင်နှုန်း၊ ဖော့စပ်ဖရပ်စ် ၅ ရာခိုင်နှုန်း၊ သံဓာတ် ၄ ရာခိုင်နှုန်းနှင့် မဂ္ဂနီစီယမ် ၄ ရာခိုင်နှုန်းတို့ အသီးသီးပါဝင်၏။

စမုန်စပါးစေ့မှာ ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ဝမ်းလျှော၊ဝမ်းကိုက်ပြီး ဝမ်းဗိုက်ရစ်နာခြင်းဝေဒနာကို သက်သာစေနိုင်စွမ်းနှင့် ဘက်တီးရီးယားပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်းတို့ ရှိ၏။

- ခန္ဓာကိုယ်အတွင်းရှိ ကိုလက်စထရောနှင့် သွေးအတွင်းရှိ သကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်သည့် ကြေလွယ်အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့် စမုန်ပင်သည် နှလုံးရောဂါဖြစ်ပွားနိုင်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်း၊ သွေးဖိအားကိုလည်း ပုံမှန်ဖြစ်စေနိုင်စွမ်းတို့ရှိ၏။

- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည့် စမုန်စပါးပင်သည် နာတာရှည် ကိုယ်တွင်းအင်္ဂါများ ရောင်ရမ်းနာကျင်မှုကို ဆန့်ကျင်ပေးနိုင်ခြင်း၊ ရုတ်တရက် နှလုံးအမောဖောက်ခြင်းနှင့် လေဖြတ်ခြင်းဝေဒနာတို့ မဖြစ်ပွားစေရန် ကူညီပေးနိုင်စွမ်းရှိ၏။

- သုတေသနပြုချက်များအရ စမုန်စပါးမှ ထုတ်ယူရရှိထားသည့် အဆီအနှစ်သည် စိတ်ပူပင်သောကရောက် ခြင်းမှ လျော့ကျကင်းဝေးစေနိုင်စွမ်းရှိ၏။

- လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက စမုန်စပါးကို အစာကြေဆေးအဖြစ် အသုံးပြုလေ့ရှိကြ၏။ စမုန်စပါး တွင်ပါဝင်သည့် အင်ဇိုင်းများသည် အစာခြေရည်၏ပြင်းအားကိုတိုးစေပြီး အစာမကြေခြင်း၊ လေထိုး လေအောင့်ဖြစ်ခြင်း၊ အစာအိမ်နာကျင်ခြင်းတို့ကို သက်သာစေနိုင်၏။ ထို့အပြင် အစာရေမျို၊ အစာအိမ်နှင့်အူလမ်းကြောင်းတစ်လျှောက်ကိုလည်း ကျန်းမာကြံ့ခိုင်စေနိုင်၏။

- ဝမ်းချုပ်တတ်သူများအတွက် စမုန်စပါးကို စားသုံးပေးခြင်းဖြင့် ဝမ်းမှန်စေ၏။

- ရေနွေးတစ်ဖန်ခွက်ထဲသို့ စမုန်စပါး လက်ဖက်စားဇွန်း တစ်ဇွန်းကို ထည့်နှပ်ထားကာ မနက်တစ်ကြိမ် ညနေတစ်ကြိမ်နှုန်းဖြင့် ရက်သတ္တတစ်ပတ်လျှင်နှစ်ကြိမ် ပုံမှန်သောက်သုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်ကို ကျစေနိုင်၏။

- ကိုယ်တွင်းအပူချိန်များသူများအတွက် စမုန်စပါးရေနွေးကြမ်းကို သောက်သုံးပြီးလျှင် စမုန်စပါးအသီးဖတ်လေးများကိုပါ ဝါးစားပေးခြင်းဖြင့် အပူငြိမ်းစေနိုင်သည့်အပြင် ခံတွင်း ရနံ့ကိုပါ ရှင်းသန့်စေနိုင်၏။

စမုန်စပါးပင်၏ အစိတ်အပိုင်းများဖြစ်သည့် အမြစ်ဥ၊ အရွက်၊ အစေ့တို့ကို ဟင်းလျာများအဖြစ် ပြင်ဆင်ချက်ပြုတ်စားသုံးလေ့ရှိကြ၏။ စမုန်စပါးရွက်နှင့် အမြစ်ဥတို့ကို ယခုလိုရာသီတွင် ဈေးထဲတွင် အလွယ်တကူဝယ်ယူပြီး ဟင်းလျာများ ပြင်ဆင်ချက်ပြုတ်စားသုံးနိုင်၏။ စမုန်စပါးစေ့ကိုလည်း ပရဆေးဆိုင်များ၊ Super market များ၏ ဟင်းခတ်အမွှေးအကြိုင်ပစ္စည်းများအတန်းတွင် အလွယ်တကူဝယ်ယူရရှိနိုင်၏။

- လတ်ဆတ်ပြီး ညွန့်ဖြာနေသော စမုန်စပါးရွက်နုလေးများနှင့် အမြစ်ဥများကို သန့်စင်အောင် ဆေးကြောပြီးလျှင် ခရမ်းချဉ်သီး ပန်ထွေဖျော်၊ ပဲပုပ်ထောင်း၊ ပဲပုပ်ချက်၊ ခရမ်းချဉ်သီးငါးပိချက်၊ ငါးပိသုပ်၊ ငါးပိထောင်း သံပရာရည်ဆမ်း၊ ငါးပိရည်ကျိုဖျော်တို့ နှင့် တွဲဖက်ပြီး တို့စရာအဖြစ် စားသုံးကြ၏။

- စမုန်စပါးညွန့်လေးများကို လိုအပ်သလို လှီးဖြတ်ပြီးနောက် ကြက်ဥ/ဘဲဥတို့နှင့် ခေါက်ကာ အချပ်လိုက်ကြော်၊ မွှေကြော် နှစ်သက်သလိုကြော်ပြီး ထမင်းဖြူပူပူလေးနှင့် တွဲဖက်စားသုံးကြ၏။ စမုန်စပါးရွက်ညွန့်၏ မွှေးရနံ့က ဝမ်းကို ပိုမိုဆာလောင်စေပြီး ထမင်းမြိန်စေ၏။

- စမုန်စပါးပင်၏အမြစ်ဥပိုင်းကို ဗူးသီး၊ ကိုင်းခရမ်းချဉ်သီး၊ ပဲပုစွန်သီးတို့ အပါအဝင် နှစ်သက်ရာ အသီးအရွက်




များနှင့် ရောစပ်ကာ ချဉ်ရည်ဟင်း ချက်သောက်နိုင်၏။

- သန့်စင်ပြီးသော စမုန်စပါးရွက်နုလေးများကို လက်တစ်ဆစ်ခန့် အရွယ်လှီးဖြတ်ပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆန်ထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် စမုန်ရွက်သုပ်လေး ရပါပြီ။

- ကြက်ရိုးပြုတ်ရည်/ ငါးမီးအုံးဟင်းခါး/ အသားလုံးဟင်းရည် ချက်

စာ-၁၅ သို့



စာ-၉ မှ

ဆစ်နှင့် ဗီတာမင်-A စသည်တို့ပါဝင်ပါသည်။ထိုကဲ့သို့ အာဟာရဓာတ်စုံလင်စွာပါရှိသောပုစွန်ထုပ်ကိုစားခြင်းဖြင့် အောက်ပါကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

**ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း**

အဆုတ်ကင်ဆာကဲ့သို့သော ကင်ဆာမျိုးကို ပုစွန်ထုပ်စားခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ပုစွန်ထုပ်တွင် Selenium ဓာတ် အများဆုံးပါဝင်သောကြောင့် ထိုဓာတ်သည် ကင်ဆာဆဲလ်များကြီးထွားမှုကို တားမြစ်ပေးပါသည်။ ပုစွန်ထုပ်တွင်ပါဝင်သော Selenium ဓာတ်ကို ခန္ဓာကိုယ်မှ အလွယ်တကူ စုပ်ယူနိုင်ပါသည်။

**နှလုံးရောဂါ၊ဆီးချိုရောဂါနှင့် စိတ်ဓာတ်ကျမှုကိုကာကွယ်ပေးခြင်း**

ကင်ဆာရောဂါကဲ့သို့ပင် ပုစွန်ထုပ်တွင်ပါဝင်သော Selenium ဓာတ်သည် နှလုံးကိုထောက်ပံ့ကူညီပေးပါသည်။ Selenium ဓာတ်မလုံလောက်ပါက နှလုံးရောဂါဖြစ်ပွားနိုင်ပါသည်။ထို့အပြင် ပုစွန်တွင်ပါဝင်သော အာဟာရဓာတ်တချို့သည် ဆီးချိုမဖြစ်ပွားအောင်လည်း ကူညီပေးပါသည်။စိတ်ဓာတ်ကျနေလျှင်လည်း ပုစွန်များများစားလိုက်ပါ။ ပုစွန်တွင်ပါဝင်သော Selenium ဓာတ်သည် စိတ်ဓာတ်ကျနေခြင်းကို သက်သာပျောက်ကင်းအောင် လုပ်ဆောင်ပေးနိုင်ပါသည်။

**Omega-3 ကြွယ်ဝစွာပါဝင်ခြင်း**

ပုစွန်ထုပ်တွင် Omega-3 ဓာတ်ကြွယ်ဝစွာပါဝင်ပြီး Omega-3 ဓာတ်မှာ ဦးနှောက်ကျန်းမာရေးနှင့် အခြားကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။

**ပရိုတင်းဓာတ်ကြွယ်ဝခြင်း**

ပုစွန်ထုပ်သည် ကြက်ဥ၊နွားနို့တို့ကဲ့သို့ ပရိုတင်းဓာတ်ကြွယ်ဝပါသည်။ ပရိုတင်းဓာတ်အကြွယ်ဝဆုံး အစားအစာများတွင် ပုစွန်ထုပ်လည်း ပါဝင်ပါသည်။ ပရိုတင်းဓာတ်သည် ခြေသည်းလက်သည်း၊ ဆံပင်ရှည်ရန်နှင့် ကြွက်သားများ ကြီးထွားစေရန် အရေးကြီးပါသည်။

**ပုစွန်ထုပ်၏ဆိုးပြိုး**

ပုစွန်ထုပ်၏ ကျန်းမာရေးဆိုးကျိုးမှာ အများကြီး မရှိပေ။ပုစွန်ထုပ်နှင့် ဓာတ်မတည့်သူများ စားမိလျှင် အလားဂျစ်ဖြစ်တာမျိုး ရှိတတ်ပါသည်။ အလားဂျစ်ဖြစ်တတ်သူဆိုလျှင် ပုစွန်ထုပ်ကို ချင့်ချိန်စားသင့်ပါသည်။

အချုပ်အားဖြင့် ဆိုရသော်- အခွံမာရေသတ္တဝါဖြစ်သော ရေချိုပုစွန်ထုပ်သည် စီးပွားရေးအရ အလွန်အရေးပါသောကြောင့် မွေးမြူသူလည်းများသည်။ထို့ပြင် ပုစွန်ထုပ်၏ သဘာဝမှာလည်း ထူးခြားလှပြီး ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားလှသဖြင့် စားပေးသင့်သောပင်လယ်စာဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**

**References;**
(1)Fish Base of Myanmar
(2)Inland Fisheries of Myanmar

# ဆေးဖက်ဝင် ယာကွန်ဥ စားသုံးမှု တိုးမြင့်လာ



**စား**သုံးမှု တိုးလာသည်နှင့်အမျှ ဆေးဖက်ဝင်ယာကွန်ဥရောင်းအားသည် ကောင်းမွန်လာကြောင်း သိရသည်။ ယာကွန်ဥသည် ယခုနှစ်တွင် အင်တာနက်ပေါ်၌ ရေပန်းစားလာခဲ့ပြီး ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပိုမိုမြင့်မားခဲ့သည်။ ယခုအခါ ယာကွန်ဥ စားသုံးမှုသည် တိုးတက်လာသည်။ "ယာကွန်ဥဟာ ဒီနှစ်မှာ Facebookနှင့် TikTok မှာ ရေပန်းစားလာသည့်အတွက် စားသုံးမှု တိုးတက်လာခဲ့ပါတယ်၊ ဒီနှစ်တွင် ယာကွန်ဥရောင်းသူအရေအတွက်က ပိုများလာပြီး ဝယ်သူအရေအတွက်လည်း များလာသောကြောင့် ဈေးကလည်းတက်လာပါတယ်''ဟု နောင်တရားမြို့နယ်ရှိ ဇော်လွင်ဦး သစ်သီးဝလံလက်ကားရောင်းဝယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာကွန်ဥကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များသို့ အဓိက ပို့ဆောင်နေပြီး ရန်ကုန်မြို့သည် အများဆုံးဝယ်ယူသည့်နေရာ ဖြစ်သည်။ ယာကွန်ဥသည် ကျန်းမာရေးအကျိုး ကျေးဇူးများရှိပြီး ဆီးချို၊ ကျောက်ကပ်နှင့် နှလုံးရောဂါဝေဒနာရှင်များအတွက် အထူးကောင်းမွန်စေပါသည်။

ယာကွန်ဥကို တောင်ကြီးနှင့် ဟိုပုံးမြို့နယ်များတွင် အဓိကစိုက်ပျိုးကြသည်။ ၎င်းကို အခွံဖယ်ရှားပြီး အစိမ်းစားရပါသည်။ "ယာကွန်ဥစိုက်ပျိုးရာသီသည် ခန့်မှန်းခြေအားဖြင့် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ဖြစ်ပါတယ်"ဟု ဇော်လွင်ဦးသစ်သီးဝလံရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.gnlm.com.mm/consumption-of-medicinal-yacon-increases/

စာ-၅ မှ

တဲ့ မြေပေးမိန့်ရှိတဲ့ မြေတွေကိုသာ ဝယ်ယူကြဖို့ လိုအပ်ပါသည်။ မိမိဝယ်ယူမယ့် မြေတွေဟာ ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးချ ထားသည့် လယ်ယာမြေ ဖြစ်မယ်ဆိုရင် အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့် မရရှိသေးပါက ဝယ်ယူခြင်းမပြုဖို့လိုပါသည်။

On Line (လူမှုကွန်ယက်) တွေပေါ်မှာ ရောင်းချနေတဲ့ ခွင့်ပြုချက်မရရှိပဲ အကွက်ရိုက်ထားတဲ့ မြေတွေ၊ ဈေးချိုတဲ့ မြေတွေကို မဝယ် သင့်ပါ။ ဝယ်ယူမယ့်မြေနေရာနဲ့ တစ်ဆက်စပ်တည်းမှာ လူနေအိမ်ခြေတွေ ရှိနေလို့ မြို့မြေ/ ရွာမြေ ဆိုပြီးလည်း တခြားသူတွေပြောစကားကို ယုံကြည်ပြီး မဝယ်သင့်ပါ။ လူနေထိုင်ရန်အတွက် မြေကွက် ဝယ်ယူလိုသူတွေ အနေနဲ့ မိမိဝယ်ယူမယ့် မြေနေရာရဲ့ မြေအမျိုးအစားကို ရှင်းရှင်းလင်းလင်း မသိရှိပါက သက်ဆိုင်ရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှာဆိုရင် သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီများထံ ဆက်သွယ် မေးမြန်းနိုင်ကြပါသည်။

လယ်ယာမြေကို သိလျက်နဲ့ သော်လည်းကောင်း၊ မသိဘဲနဲ့ သော်လည်းကောင်း ဝယ်ယူပြီး ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ ဆောက်လုပ်အသုံးပြုရင် ဥပဒေနဲ့အညီ အရေးယူခံရပြီး ကာယကံရှင်တွေအနေနဲ့ နစ်နာဆုံးရှုံးတာတွေ ရှိမှာဖြစ်တဲ့အတွက် ဂရုပြု ဆောင်ရွက် နိုင်ကြဖို့ အသိပေးလိုပါသည်။ လယ်ယာမြေကို စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဖို့အတွက်သာ ဝယ်ယူသင့်ပါသည်။

စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမြေများကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာမြေများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လုပ်ထားခြင်းအားဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်စေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်မှုရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်နိုင်ငံတွင်းပြည်သူများအတွက် စီးပွားရေးနှင့် စားရေရိက္ခာဖူလုံမှုကို များစွာထိခိုက် စေနိုင်ပါသည်။ ပြည်သူများအနေဖြင့် စိုက်ပျိုးမြေများကို စီးပွားရေးနှင့် စားရေရိက္ခာဖူလုံမှုအတွက် အကျိုးရှိစွာစိုက်ပျိုးခြင်းအားဖြင့် နိုင်ငံနှင့်ပြည်သူကို အကျိုးပြုစေနိုင်သလို တစ်ဖက်မှာလည်း တည်ဆဲလယ်ယာမြေဥပဒေကို လိုက်နာပြီးဖြစ်စေမှာ ဖြစ်ပါသည်။ တည်ဆဲလယ်ယာမြေ ဥပဒေကို လိုက်နာပြီး စိုက် ပျိုးနိုင်သည့်လယ်ယာမြေများကို စိုက်ပျိုးရေးအတွက် အကျိုးရှိစွာ အသုံးချရန် တိုက်တွန်းအပ်ပါသည်။

**ထက်ဦး(ကြေး/မြေ)**

စာ-၁၄ မှ

ပြီး စမုန်စပါးညွန့်ကို ခပ်ပြီး သောက်သုံးပေးခြင်းဖြင့် ခွန်အားကို တိုးစေနိုင်၏။ ခရမ်းချဉ်သီးထောင်း စပ်စပ်လေးနှင့် တွဲဖက်စားသုံးနိုင်၏။

- မြေထဲပင်လယ်ဒေသနှင့် အီတလီရိုးရာအစားအသောက်များတွင် စမုန်စပါးပင်၏အစိတ်အပိုင်းများကို ကျန်းမာရေးအကျိုးအာနိသင်ကောင်းများရရှိရန်အတွက် ထည့်သွင်းချက်ပြုတ်တတ်ကြ၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် စမုန်စပါးပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။



**ကြေးမုံငယ်**



ထက်ဦး(ကြေး/မြေ)

# တားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမြေကို ဘယ်လိုအကျိုးရှိစွာအသုံးပြုမလဲ

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုရှိပြီး မြို့နယ် ၃၃၀ တို့၏ တည်ရှိမှုအရ နေရာဒေသတစ်ခုနှင့်တစ်ခု ရေမြေသဘာဝအနေအထား တူညီမှုမရှိခြင်း၊ ရာသီဥတုအခြေနေများအပေါ်တွင်မူတည်ပြီး မြေယာဖော်ထုတ်မှုနည်းလမ်းများ ပြောင်းလဲမှု ရှိခြင်းတို့ကြောင့်လည်းကောင်း၊ ဒေသအလိုက်နေထိုင်သူတို့၏ ပြုပြင်ပြောင်းလဲ အသုံးချမှုကြောင့် လည်းကောင်း၊ မြေအသုံးချမှုအခြေအနေများ နှစ်စဉ်ပြောင်းလဲလျက်ရှိပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ နှစ်စဉ်ထုတ်ပြန်လျက်ရှိသော ၂၀၂၃-၂၀၂၄ခုနှစ်၊ အသုံးချလျက်ရှိသောမြေများကို မြေအမျိုးအစားအလိုက် ခွဲခြားဖော်ပြသည့် စာရင်းအရ လက်ရှိ စိုက်ပျိုးမြေဧရိယာ ၃၀,၉၇၄,၈၁၈ ဧက၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာ ၄၈,၄၈၆,၂၂၅ ဧက၊ တောရိုင်းမြေဧရိယာ ၃၄,၈၉၁,၂၁၆ ဧက၊ မြေရိုင်းဧရိယာ ၁၆,၂၇၀,၁၅၉ ဧက၊ စိုက်ပျိုးခြင်းမပြု နိုင်သောမြေဧရိယာ ၃၆,၅၆၃,၄၀၆ ဧက၊ စုစုပေါင်းဧရိယာ အကျယ်အဝန်း ၁၆၇,၁၈၅,၈၂၄ ဧကရှိပါ သည်။ အသားတင်စိုက်ပျိုးသည့် မြေဧရိယာ ၂၉,၈၄၂,၆၄၁ ဧကဖြစ်သဖြင့် စိုက်ပျိုးခြင်းမရှိဘဲ လှပ်ထားသည့် မြေဧရိယာ ၁,၁၃၂,၁၇၇ ဧကရှိပါသည်။

လက်ရှိ အသားတင်စိုက်ပျိုးသည့်မြေဧရိယာ ၂၉,၈၄၂,၆၄၁ ဧကအပြင် ကျူးလွန်စိုက်ပျိုးသည့်မြေဧရိယာ ၃,၅၈၁,၁၉၆ ဧက စိုက်ပျိုး ခဲ့သည့်အတွက် စုစုပေါင်းအသားတင်စိုက်ပျိုးမြေဧရိယာ ၃၃,၄၂၃,၈၃၇ ဧကဖြစ်၍ နိုင်ငံစုစုပေါင်းဧရိယာ၏ ၁၉ ဒသမ ၉၉ ရာခိုင်နှုန်းသာ စိုက်ပျိုးနိုင်ပါသည်။

မစိုက်ပျိုးဘဲ လှပ်ထားသည့်မြေဧရိယာ ၁၁၃၂၁၇၇ ဧကကို အများပြည်သူတွေအနေနဲ့ မြို့/ ရွာနဲ့ နီးစပ်တဲ့ နေရာတွေမှာရှိတဲ့ စိုက်ပျိုးမြေတွေမှာ မြေကွက် ရိုက်ရန် လှပ်မြေအဖြစ်ထားရှိလျက်ရှိပါသည်။ စိုက်ပျိုးမြေကို စိုက်ပျိုးရေးလုပ်ငန်းအတွက် အကျိုးရှိစွာအသုံးမပြုဘဲ လူနေထိုင်ရန် အလို့ငှာ မြေကွက်ရိုက်ရောင်းဝယ်ခြင်းသည် လယ်ယာမြေဥပဒေအရ ချမှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိဘဲ ဥပဒေကို ကျူးလွန်ဖောက်ဖျက်ခြင်းပင် ဖြစ်ပါသည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (က) တွင် လယ်ယာမြေဆိုတာ “လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေတွေ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးတဲ့ ခြံမြေတွေ၊ မြေနုကျွန်းမြေ ရွှေ့ပြောင်းတောင်ယာမြေ”များ ပါဝင်ပါသည်။ ဒီစကားရပ်မှာ ဥပဒေ စတင် အာဏာ သက်ရောက်တဲ့ အချိန်မှစ၍ မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေ အိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေး အတွက် အသုံးမပြုသောမြေများ မပါဝင်” လို့ အဓိပ္ပါယ်ဖွင့်ဆို ထားပါသည်။

တည်ဆဲလယ်ယာမြေဥပဒေ ပုဒ်မ ၁၂ မှာ လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ် ပုံစံ (၇) ရရှိထားသော တောင်သူ လယ်သမားများအနေနဲ့ လိုက်နာရမယ့် စည်းကမ်းချက် ၉ ချက်ကို ပြဋ္ဌာန်းထားပါသည်-

(က)လယ်ယာမြေဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်၊

(ခ) လယ်ယာမြေနဲ့စပ်လျဉ်းပြီး တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်တဲ့ မြေခွန်နဲ့ အခြားအခွန်အခများကို ပေးဆောင်ရမည်၊

(ဂ) လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်း/ ပေါင်/ လဲ/ ငှား/ ပေးတို့ကို ဆောင်ရွက်တဲ့အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်တဲ့ လယ်ယာမြေတန်ဖိုးနဲ့အညီ တည်ဆဲဥပဒေအရ သတ်မှတ်တဲ့ တံဆိပ်ခေါင်း ခွန်နဲ့ ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်ပြီးတော့ သက်ဆိုင်ရာမြို့နယ် ဦးစီး ဌာနရုံးတွင် မှတ်ပုံတင်ရမည်၊

(ဃ)အမွေဆက်ခံခြင်းနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိတဲ့အခါမှာ သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနရုံးမှာ မှတ်ပုံတင်ရမည်၊

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်ပဲ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုတဲ့ ဘဏ်မှာသာ ပေါင်နှံရမည်၊

(စ) လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းသုံးစွဲလို့ မရ၊

(ဆ)လက်ရှိစိုက်ပျိုးနေတဲ့ ရာသီသီးနှံ အမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲ စိုက်ပျိုးလို့ မရ၊

(ဇ) ခိုင်လုံတဲ့ အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားလို့ မရပါဘူး။ ဒါပေမယ့် လယ်ယာမြေကို လှပ်ထားဖို့ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်မယ် ဆိုရင်လည်း မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ တဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြရမှာ ဖြစ်ပါကြောင်း။ ဒီလို လှပ်ထားခြင်းဟာလည်း ရွှေ့ပြောင်း တောင်ယာမြေမှအပ နှစ်နှစ် ဆက်တိုက်ထက် မပိုရ၊

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလ ဒါမှမဟုတ် လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းပြီး အငြင်းပွားမှု ဖြစ်ပေါ်နေတဲ့ကာလတွေမှာ လယ်ယာမြေကို ရောင်း/ ပေါင်/ လဲ/ ငှား/ ပေး ဆောင်ရွက်လို့ မရ၊

လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်ကို လိုက်နာမှုမရှိပါက အရေးယူ ဆောင်ရွက် နိုင်ဖို့ ဥပဒေမှာ တိတိကျကျ ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါသည်။ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိထားသူတွေအနေနဲ့ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း ကျူးလွန် အသုံးပြုပါက လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၉ အရ သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေနဲ့ -

(က)သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊

(ဃ)လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက် အအုံများကို ဖယ်ရှားခြင်း

စသည့် အမိန့် တစ်ရပ် ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ ဖြစ်စေ အမိန့် ချမှတ်နိုင်ပါသည်။

လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ ချမှတ်သည့် အမိန့်ကို လိုက်နာခြင်းမရှိသော လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ (၇) ရရှိထားသူကို ထိုအမိန့်မှာပါရှိတဲ့ သတ်မှတ်ရက် ကျော်လွန် သွားလျှင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဒါမှမဟုတ် အဖွဲ့က တာဝန်ပေးအပ်တဲ့ ပုဂ္ဂိုလ်က လယ်ယာမြေ ဥပဒေ ပုဒ်မ ၂၀ (က) အရ သက်ဆိုင်ရာ တရားရုံးမှာ ဦးတိုက် လျှောက်ထား တရားစွဲဆိုသွားမှာ ဖြစ်ပါသည်။

တရားစွဲဆိုတဲ့အခါ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် လယ်ယာမြေဥပဒေ ပုဒ်မ ၃၅ အရ အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမှာ ဖြစ်ပါသည်။ တရားစွဲဆိုခံရသူသည် ယခင်က အလားတူပြစ်မှုဖြင့် ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရတာရှိပါက (အကြိမ်ကြိမ် ပြစ်မှုကျူးလွန်နေသူ ဖြစ်ပါက) လယ်ယာမြေဥပဒေ ပုဒ်မ ၃၆ အရ ထပ်မံ ကျူးလွန်သော ပြစ်မှုအတွက် လယ်ယာမြေပုဒ်မ ၃၅ ပါ အများဆုံး ထောင်ဒဏ်ကို ချမှတ်ခြင်းခံရမှာ ဖြစ်ပါသည်။

လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၃ တွင် “လယ်ယာမြေနှင့် စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်သော အမိန့်ကို လိုက်နာရမည်။” ဟု ပြဋ္ဌာန်းထားသည့်အတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ ဖြစ်စေ၊ ပုံစံ (၇) မရရှိသူဖြစ်စေ အကွက်ရိုက်ထားတဲ့ လယ်ယာမြေကို ဝယ်ယူသူ

စာ-၅ သို့